## စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း (SWIA)

# စီးပွားရေးနှင့် ဆက်နွှယ်သော ရပ်ရွာအသိုင်းအဝိုင်းအပေါ် သက်ရောက်မှုအား ဆန်းစစ်သော မေးခွန်းလွှာ

ဤမေးခွန်းလွှာကို စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း ဆိုင်ရာမူဘောင်ထဲမှ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ကွင်းဆင်းသုတေသနပြုလုပ် နေကြသော သုတေသီ (researchers) များမှ ရပ်ရွာအသိုင်းအဝိုင်းနှင့် တွေ့ဆုံဆွေးနွေးရာတွင် **လမ်းညွှန်အဖြစ် အသုံးပြုရန် ရည်ရွယ်၍ပြုစုထားသော မေးခွန်းလွှာတစ်ခု ဖြစ်ပါသည်။ ပြီးပြည့်စုံသည့် မေးခွန်းလွှာ မဟုတ်သကဲ့သို့ ဖော်ပြထားသော မေးခွန်းတိုင်းအား ‌မေးမြန်းရန်အတွက် မဟုတ်ပါ။ မေးခွန်းလွှာအား အခြေခံအဖြစ်အသုံးပြု၍ သုတေသီများမှ လိုအပ်သလို အသုံးပြုနိုင်ရန်သာ ဖြစ်ပါသည်။**

ဤမေးခွန်းလွှာတွင် စီပွားရေးလုပ်ငန်းများအနက် ကဏ္ဍတစ်ခုတည်းနှင့်သာဆိုင်သော အသေးစိတ်မေးခွန်း များကိုဖြုတ်ထားပြီးဖြစ်သည်။ ကုမ္ပဏီများ၏ကိုယ်စားလှယ်များနှင့် အလုပ်သမားများအား အင်တာဗျူးပြုလုပ်ရန်အတွက် လိုအပ်သော လမ်းညွှန်မေးခွန်းလွှာများကို MCRB ၏ ဝက်(ဘ်)ဆိုဒ်တွင်လည်း ရယူနိုင်ပါသည်။ သုတေသီများကို မြန်မာ့ စီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်နေသော အဓိက လူ့အခွင့်အရေး အကြောင်းအရာ (issues) (ဥပမာ-အလုပ်အကိုင်၊ သဘာဝပတ်ဝန်းကျင်၊ မြေယာ၊ အသက်မွေးဝမ်းကျောင်း၊ လုံခြုံရေး စသဖြင့်)များကို မီးမောင်းထိုးပြထားသည့် အနစ်ချုပ် စာလွှာ (factsheets) များကိုလည်း စီစဉ်ဆောင်ရွက်ပေးထားပါသည်။

သုတေသီများကို သုတေသနလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များကို သင်ကြားထားပြီးဖြစ်သည်။ ရပ်ရွာအသိုင်းအဝိုင်း ကို မေးမြန်းအင်တာဗျူးရာတွင် တစ်ဦးချင်းအင်တာဗျူးခြင်းနှင့် အုပ်စုလိုက်အင်တာဗျူးခြင်း နှစ်မျိုးစလုံးပါဝင်သည်။ ထို့အပြင် ချိုးဖောက်ခံရနိုင်သည့် အန္တရာယ်ရှိသူ တစ်ဦးချင်းကိုလည်း အင်တာဗျူးပြီးဖြစ်သည်။ **ဤမေးခွန်းလွှာအား အသုံးမပြုမီ ကဏ္ဍနှင့်ပတ်သက်သည့် နောက်ခံအကြောင်းအရာ၊ ပါဝင်ပတ်သက် သူများ၏နောက်ခံ၊ ကွင်းဆင်းလေ့လာ မည့် ဒေသ၏နောက်ခံ၊ ကဏ္ဍနှင့်ပတ်သက်သည့် ဥပဒေ၊ မူဝါဒများ စသည်တို့ကို ကြိုတင်လေ့လာသင့်ပါသည်။**

ဤမေးခွန်းလွှာ၏ ရည်ရွယ်ချက်မှာ ကုမ္ပဏီ၏ စီမံကိန်းကြောင့် အနီးပတ်ဝန်းကျင်ရှိ ရပ်ရွာအသိုင်းအဝိုင်းကို မည်ကဲ့သို့ သက်ရောက်မှုများ ရှိနေသနည်းဆိုသည်ကို သိရှိနားလည်ရန်ဖြစ်သည်။ ၎င်းမေးခွန်းလွှာပါ မေးခွန်းတိုင်း အတွက် အဖြေကိုတော့ ရရှိရန် မဖြစ်နိုင်ချေ။ (သို့သော်) ဤ ဆောင်ရွက်ရန်စာရင်း (checklist) မှ လမ်းညွှန်တစ်ခုအဖြစ် ဖြည့်ဆည်းပေးနိုင်သည့်အပြင် နောက်ဆက်တွဲမေးခွန်းများအတွက်လည်း အထောက်အကူ ဖြစ်ပါလိမ့်မည်။

## မိတ်ဆက်ခြင်း

MCRB အကြောင်း မိတ်ဆက်ခြင်းဖြင့် စတင်ပါ။ သုတေသနအဖွဲ့မှ မည်သည့်အတွက်ကြောင့် ဤနေရာကို ရောက်ရှိလာရသည်ဆိုသည်နှင့် ဆန်းစစ်လေ့လာမှုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပါ။ ထို့နောက် SWIA အဖွဲ့ဝင်များကို မိတ်ဆက်ပေးပါ။ ကျင့်ဝတ်လမ်းညွှန်များဖြစ်သည့် အမည်မဖော်ပြခြင်း (anonymity)၊ စေတနာအလျောက် ပူးပေါင်းပါဝင်ခြင်း (voluntary participation)၊ မေးခွန်းများကို ဖြေကြားရန် ငြင်းဆိုနိုင်သည့် အခွင့်အရေးရှိခြင်း၊ အင်တာဗျူးကို ပြန်လည်ရုပ်သိမ်းနိုင်သည့် အခွင့်အရေးရှိခြင်း စသည်တို့ကို ရှင်းပြပေးပါ။ အသံကို ဖမ်းယူရန်အတွက် ဦးစွာ ရပ်ရွာအသိုင်းအဝိုင်း၏ ခွင့်ပြုချက်ကို ရယူပါ။ MCRB ကို ဆက်သွယ်နိုင်သည့် လိပ်စာအသေးစိတ်ကိုလည်း ပေးပါ။ ၎င်းတို့တွင် အင်တာဗျူး (သို့မဟုတ်) သုတေသနအဖွဲ့နှင့် ဆက်စပ်သည့် မေးခွန်းများ (သို့မဟုတ်) စိုးရိမ်ချက်များရှိလျှင် MCRB သို့ ဆက်သွယ်မေးမြန်းရန်လည်း အကြံပေးပါ။

မိတ်ဆက်ရန် အကြံပေးခြင်း။ ကဏ္ဍတစ်ခုလုံး၏ သက်ရောက်မှုများကို ဆန်းစစ်လေ့လာရန်အတွက် ကျွန်ုပ်တို့အဖွဲ့မှ ဤ ရပ်ရွာ/မြို့နယ်/ရပ်ရွာ အသိုင်းအဝိုင်းသို့လာရောက်၍ စီမံကိန်းကဏ္ဍမှ သင်၏ ရပ်ရွာအသိုင်းအဝိုင်းကို မည်ကဲ့သို့ သက်ရောက်မှုများ ရှိသနည်းဆိုသည့် မေးခွန်းများကို မေးမြန်းရန်နှင့် သတင်းအချက်အလက်များကိုစုဆောင်းရန် လာရောက်ခြင်းဖြစ်ကြောင်း ရှင်းပြပါ။ ထို့အပြင် ကဏ္ဍနှင့်ပတ်သက်၍ ရပ်ရွာအသိုင်းအဝိုင်း၏ ခံစားချက် (သို့မဟုတ်) အတွေ့အကြုံများကို ကျွန်ုပ်တို့မှလေ့လာကာ မြန်မာနိုင်ငံ၌ အနာဂတ်တွင် လာရောက် ရင်းနှီးမြှုပ်နှံမည့်စီမံကိန်းများမှ ပြဿနာများကို ရှောင်ရှားနိုင်ရန်နှင့် နောက်ထပ် စီမံကိန်းများကို အကောင်းဆုံးဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများလည်း ရရှိနိုင်ရန် ယခုကဲ့သို့ လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပြောပြပါ။

သင်တို့မှ အထွေထွေမေးခွန်းများ မေးမြန်းခြင်းဖြင့်စတင်ပါမည် ဆိုသည့်အကြောင်းနှင့် ပြီးမှသာ ခေါင်းစဉ်တစ်ခုချင်းစီအလိုက် မေးမြန်းပါမည်ဆိုသည့် အကြောင်းရှင်းပြပါ။ ထို့အပြင် အင်တာဗျူးချိန် (သို့မဟုတ်) MCRB မှ ကွင်းဆင်းလေ့လာပြီးချိန်တွင် ပူးပေါင်းပါဝင်သူများမှ ကျွန်ုပ်တို့ ထည့်သွင်းစဉ်းစားရန် အကြံပေးပြောကြားသော တခြားခေါင်းစဉ်များကိုလည်း ကြိုဆိုကြောင်း ရှင်းပြပါ။

ဆွေးနွေးမှုတွင် အားလုံး၏ အာရုံစူးစိုက်မှုနှင့် ပူးပေါင်းပါဝင်မှုကို ရရှိရန် အထွေထွေမေးခွန်းများ မေးမြန်းခြင်း (ဥပမာ- ရပ်ရွာအသိုင်းအဝိုင်း၏ နောက်ခံသမိုင်းကြောင်း၊ ရပ်ရွာအသိုင်းအဝိုင်းသည် မည်သည့်ကျေးရွာအုပ်စုတွင်ရှိသည်နှင့် အဓိက မည်သည့်ပွဲလမ်းသဘင်များရှိသည် စသဖြင့်) ဖြင့် စတင်ပါ။ ပြီးမှသာ ကဏ္ဍအကြောင်းကို ဆွေးနွေးကာ ၎င်းတို့၏ကဏ္ဍအပေါ် နားလည်မှုအသေးစိတ်နှင့် တုန့်ပြန်ချက်များကို မေးမြန်းပါ။ ကဏ္ဍတစ်ခုလုံးမှာ ကျယ်ပြန့်ကောင်း ကျယ်ပြန့်မည်။ ထို့ကြောင့် ကဏ္ဍ၏ အစိတ်အပိုင်းများဖြစ်သော မတူညီသည့် စီးပွားရေးလုပ်ငန်းအဆင့်ဆင့်၊ စီးပွားရေးအစိတ်အပိုင်းများအကြောင်းကို ရှင်းပြပါ။ စီမံကိန်းကဏ္ဍမှာ ရပ်ရွာအသိုင်းအဝိုင်းအတွက် ကောင်းကျိုးသက်ရောက်မှုနှင့် ဆိုးကျိုးသက်ရောက်မှု နှစ်ခုစလုံး ရှိနိုင်သည်ကိုလည်း ရှင်းပြပါ။ ပြီးနောက် စီမံကိန်းတွင် အလုပ်ရရှိခြင်းသည် ကောင်းကျိုးသက်ရောက်မှုမျိုး ဖြစ်သည်ဆိုသည့် ဥပမာနှင့် စက်ရုံများတည်ဆောက်ရန်အတွက် လယ်ယာမြေများကို သိမ်းပိုက်ခြင်းသည် ဆိုးကျိုးသက်ရောက်မှုမျိုး ဖြစ်သည်ဆိုသည့် ဥပမာများကို ရှင်းပြပါ။

## ဤမေးခွန်းလွှာတွင် အောက်ဖော်ပြပါအကြောင်းအရာများ ပါဝင်သည်။


၁။ ရပ်ရွာအသိုင်းအဝိုင်းအတွက် အထွေထွေမေးခွန်းများ
၂။ အသက်မွေးဝမ်းကျောင်း
၃။ သဘာဝပတ်ဝန်းကျင်
၄။ ဌာနေတိုင်းရင်းသား လူမျိုးများ/ တိုင်းရင်းသားလူနည်းစုများ
၅။ နေအိမ်
၆။ လယ်ယာမြေရယူခြင်း
၇။ ပြောင်းရွှေ့နေရာ ချထားခြင်း
၈။ ရပ်ရွာအသိုင်းအဝိုင်းအား အကြောင်းကြား ဆွေးနွေးညှိနှိုင်းခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း
၉။ စိုးရိမ်မှုများ၊ နစ်နာမှုများ၊ မကျေနပ်မှုများအား တိုင်ကြားနိုင်သည့်စနစ်များ
၁၀။ အများပြည်သူ ဝန်ဆောင်မှုများနှင့် ရပ်ရွာအသိုင်းအဝိုင်း အတွက်ဝန်ဆောင်မှုများ
၁၁။ ရွှေ့ပြောင်းဝင်ရောက်လာခြင်း/ပြောင်းရွှေ့ထွက်ခွာသွားခြင်း
၁၂။ လူမှုရေး/ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများ
၁၃။ ကျား/ မ(Gender)
၁၄။ ကလေးအခွင့်အရေး
၁၅။ အလုပ်အကိုင်
၁၆။ လုံခြုံရေးအစီအမံ
၁၇။ လုံခြုံရေး


## ၁။ ရပ်ရွာအသိုင်းအဝိုင်းအတွက် အထွေထွေမေးခွန်းများ

**၁.၁။** ရပ်ရွာအတွင် လူဦးရေမည်မျှ နေထိုင်ကြသနည်း။ ခန့်မှန်းခြေ အမျိုးသား/အမျိုးသမီးနှင့် လူငယ်/လူကြီး ဦးရေ အချိုးအစား မည်မျှရှိသနည်း။

**၁.၂။** ရပ်ရွာအသိုင်းအဝိုင်းတွင် လွန်ခဲ့သည့် ၂ နှစ်အတွင်း လူဦးရေ တိုး (သို့မဟုတ်) လျော့လာပါသလား။ သင်၏အမြင်အရ မည်သည့်အကြောင်းကြောင့် လူဦးရေ တိုး (သို့မဟုတ်) လျော့သွားပါသလဲ။

**၁.၃။** သင်၏ ရပ်ရွာအသိုင်းအဝိုင်းကို အဓိက သက်ရောက်သည့် ပြဿနာမှာ မည်သည်တို့ ဖြစ်ကြသည်ဟု ထင်မြင်ပါသနည်း။ (အောက်ဖော်ပြပါစာရင်းများကိုအသုံးပြု၍ပြဿနာများကိုရွေးချယ်သတ်မှတ်ပေးပါ။)

- ရေ
- မီး
- ကျန်းမာရေးစောင့်ရှောက်မှု အားနည်းခြင်း
- ပညာရေးရရှိမှု အားနည်းခြင်း
- သယ်ယူပို့ဆောင်ရေးစနစ်ညံ့ဖျင်းခြင်း
- အလုပ်အကိုင်မရှိခြင်း
- သဘာဝပတ်ဝန်းကျင် ညစ်ညမ်းခြင်း
- လယ်ယာမြေရရှိမှု
- လုံခြုံရေး/ရာဇဝတ်မှု
- အခြား (ကျေးဇူးပြု၍အသေးစိတ်ဖော်ပြပါ။)

**၁.၄။** သင်၏ ရပ်ရွာအတွင်း မည်သည့်အဖွဲ့အစည်းများမှ ရပ်ရွာနှင့်ပတ်သက်သည့် ပြဿနာများကို ဖြေရှင်းပေးနေပါသနည်း။ (အဖွဲ့အစည်းများ၏ အမည်စာရင်းကို ဖြေကြားသူမှ ပြောပြနိုင်ခြင်းမရှိလျှင် အောက်ဖော်ပြစာရင်းကို အသုံးပြုပါ အထောက်အကူဖြစ်အောင် ဆောင်ရွက်ပေးပါ။)

- လယ်သမားအဖွဲ့
- စီးပွားရေး အသင်းအဖွဲ့များ
- ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း
- အမျိုးသမီးအဖွဲ့
- မိဘများ အသင်းအဖွဲ့
- ကျောင်းကော်မတီ
- ရပ်ကွက်အလိုက်ကော်မတီ
- အားကစား အဖွဲ့
- အစိုးရမဟုတ်သောအဖွဲ့ (NGO)
- နိုင်ငံရေး အဖွဲ့
- လူငယ်အဖွဲ့
- ဘာသာရေးအဖွဲ့
- ယဉ်ကျေးမှုအဖွဲ့
- မသန်စွမ်း အဖွဲ့
- အခြား
  (ကျေးဇူးပြု၍ အသေးစိတ်ဖော်ပြပေးပါ။)

**၁.၅။** ရပ်ရွာ အသိုင်းအဝိုင်း၏ အုပ်ချုပ်ပုံစံနစ်-ရပ်ရွာအသိုင်းအဝိုင်းကို မည်သည့်ပုံစံဖြင့် အုပ်ချုပ်ပါသလဲ။ ရွာသားများမှ ရွေးချယ်တင်မြှောက်သော (သို့မဟုတ်) မြန်မာအစိုးရမှ ခန့်အပ်သော (မြန်မာ့ဥပဒေအတိုင်း) ရွာလူကြီး ရှိပါသလား။

## ၂။ အသက်မွေးဝမ်းကျောင်း

*ကုမ္ပဏီများ၏ လုပ်ဆောင်ချက်များကြောင့် ရပ်ရွာအသိုင်းအဝိုင်း၏ အသက်မွေးဝမ်းကျောင်းကို သက်ရောက်မှုများရှိနိုင်သည်။ အောက်ဖော်ပြပါ မေးခွန်းများသည် ရပ်ရွာအသိုင်းအဝိုင်း၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကုမ္ပဏီ၏လုပ်ငန်းများကြောင့် သက်ရောက်မှု (ဆိုးကျိုး (သို့မဟုတ်) ကောင်းကျိုး)များရှိလျှင် (သို့မဟုတ်) သက်ရောက်မှုများဖြစ်လာနိုင်လျှင် ၎င်းတို့ကို ရှာဖွေဖော်ထုတ်နိုင်ရန် ဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။ ကောင်းကျိုးသက်ရောက်မှုများမှာ ဥပမာ-ကုမ္ပဏီမှ လမ်းသစ်တည်ဆောက်ပေးခြင်း (သို့မဟုတ်) ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသူများမှ ၎င်းတို့၏ထုတ်ကုန်များကို လွယ်ကူစွာရောင်းချနိုင်ရန် ဈေးများတည်ဆောက်ပေးခြင်း (သို့မဟုတ်) ရပ်ရွာအသိုင်းအဝိုင်းသို့ ကမ္ဘာလှည့်ခရီးသွားများကို ခေါ်ဆောင်လာ၍ ဒေသ၏ လက်မှုပစ္စည်းများ၊ ထုတ်ကုန်အစားအစာများကို ရောင်းချနိုင်အောင် ဆောင်ရွက်ပေးခြင်းများ ပါဝင်နိုင်သည်။ သို့သော် ဆိုးကျိုးသက်ရောက်မှုများမှာ သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်း (ဥပမာ-စက်ရုံမှ စွန့်ပစ်ရေများ မြစ်အတွင်းသို့ စီးဆင်းခြင်းကြောင့် ရေညစ်ညမ်းခြင်း)၊ သီးနှံများစိုက်ပျိုးရန်နှင့် ငါးဖမ်းရန် ခက်ခဲခြင်းများ ဖြစ်စေနိုင်သည်။ (သို့မဟုတ်) ကုမ္ပဏီမှ ၎င်းပစ္စည်းများ၊ အစားအစာများကို ဈေးသတ်မှတ်ပြီး ဝယ်ယူခြင်းကြောင့် ရပ်ရွာအသိုင်းအဝိုင်းအတွက် ဈေးကြီးပေး၍ ဝယ်ယူရခြင်းမျိုးတို့ ပါဝင်သည်။*

*(ဖြေဆိုသူအားငင်းတို့၏ ဘဝအခြေအနေ၊ စီမံကိန်းမရောက်မီနှင့် ရောက်ပြီးအခြေအနေတို့ကို နှိုင်းယှဉ်စဉ်းစားပေးလျှင် အသုံးဝင်လိမ့်မည်။ )*

၂.၁။ **ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ** - ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသူများ၏ အခြေခံအသက်မွေးဝမ်းကျောင်း လုပ်ငန်းတွေက ဘာတွေလဲ။

*လိုအပ်လျှင် ဥပမာများကို အသုံးပြုပါ။* ဥပမာ-လယ်ယာစိုက်ပျိုးရေး (သို့မဟုတ်) ငါးဖမ်းလုပ်ငန်း၊ အစားအစာ ထုတ်လုပ်ခြင်းနှင့် ဒေသရှိဈေးများတွင် ရောင်းချခြင်း၊ သတင်းစာရောင်းခြင်း၊ အတတ်ပညာဆိုင်ရာ အလုပ်အကိုင်များ။

၂.၂။ **အသက်မွေးဝမ်းကျောင်းအပေါ် သက်ရောက်မှုများကို လေ့လာဆန်းစစ်ခြင်း** - ကုမ္ပဏီ (သို့မဟုတ်) အစိုးရမှ ဒေသသို့လာရောက်လည်ပတ်ပြီး ရပ်ရွာအသိုင်းအဝိုင်းနှင့် ပြောဆိုတာများ ရှိပါသလား။ (သို့မဟုတ်) ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသူများ၏ လူနေမှုဘဝကို သက်ရောက်နိုင်သော ဆိုးကျိုး (သို့မဟုတ်) ကောင်းကျိုးများကို ရှာဖွေလေ့လာမှုများ ပြုလုပ်ခဲ့ပါသလား။

**နောက်ဆက်တွဲ မေးခွန်းများ-**

ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသူများသည် အခြေခံမရှိမဖြစ်လိုအပ်သော (အစားအစာ၊ ရေ၊ ဝင်ငွေ) များကို မည်ကဲ့သို့ ရရှိပါသနည်း။ မည်သူတို့နှင့် ပြောဆိုခဲ့ပါသနည်း။ ၎င်းတို့ ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသူများနှင့် ပြောဆိုတာများ ရှိပါသလား။ ရပ်ရွာအသိုင်းအဝိုင်းမှ ၎င်းတို့ကို မည်သည့် အကြောင်းအရာများ ပြောလိုက်ပါသနည်း။

၂.၃။ **လေ့လာဆန်းစစ်ခြင်း၏ ရလာဒ်များကို ရပ်ရွာအသိုင်းအဝိုင်းအား အသိပေးခြင်း** - ကုမ္ပဏီ (သို့မဟုတ်) အစိုးရမှ လေ့လာဆန်းစစ်ခြင်း၏ ရလာဒ်များကို ရပ်ရွာအသိုင်းအဝိုင်းအား ပြောပြပါသလား။ ရပ်ရွာအသိုင်းအဝိုင်းမှ ၎င်းတို့ပြောဆိုရှင်းပြချက်များကို နားလည်သဘောပေါက်ပါသလား။

**နောက်ဆက်တွဲ မေးခွန်းများ-**

ကုမ္ပဏီ (သို့မဟုတ်) အစိုးရမှ လေ့လာဆန်းစစ်ခြင်း၏ ရလာဒ်များကို ရပ်ရွာအသိုင်းအဝိုင်းမှ နားလည်သဘောပေါက်အောင် ကူညီဆောင်ရွက်မှုများ ရှိပါသလား။ ဥပမာ- ရပ်ရွာအသိုင်းအဝိုင်း၏ ဒေသဘာသာစကားဖြင့် ဘာသာပြန်ပေးခြင်း၊ ရပ်ရွာအသိုင်းအဝိုင်းကို တင်ပြခြင်း(presentation)၊ အမေး၊ အဖြေ အစည်းအဝေးများ ပြုလုပ်ခြင်း၊ စိုးရိမ်ချက်များနှင့် မေးခွန်းများရှိလျှင် မည်သူ့ကို ဆက်သွယ်ရမည် ဆိုသည်ကို ရပ်ရွာအသိုင်းအဝိုင်းကို ပြောဆိုခြင်းများပြုလုပ်ပေးပါသလား။

၂.၄။ **လေ့လာဆန်းစစ်ခြင်း၏ ရလာဒ်များနှင့် ဆက်စပ်၍ ရပ်ရွာအသိုင်းအဝိုင်း၏ သုံးသပ်ချက်များ (comments)** - လေ့လာဆန်းစစ်ခြင်း၏ ရလဒ်များကို ရပ်ရွာအသိုင်းအဝိုင်းမှာ သဘောတူပါသလား။ ရပ်ရွာအသိုင်းအဝိုင်းမှာ သဘောမတူလျှင် ၎င်းတို့၏ သုံးသပ်ချက်(comments)များကို ပေးနိုင်သည့် လုပ်ငန်းစဉ်များ ရှိပါသလား။ ရပ်ရွာအသိုင်းအဝိုင်းမှ အစိုးရ(သို့မဟုတ်)ကုမ္ပဏီကို သုံးသပ်ချက်(comments)များ ပေးခဲ့တာ ရှိခဲ့ပါသလား။

**နောက်ဆက်တွဲမေးခွန်းများ -**

- ရှိခဲ့လျှင် - အစိုးရမှ (သို့မဟုတ်) ကုမ္ပဏီမှ ရပ်ရွာ၏အကြံပြုချက်များအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲ လုပ်ဆောင်ပေးတာများ ရှိပါသလား။ (သို့မဟုတ်) ရပ်ရွာအသိုင်းအဝိုင်း၏ သုံးသပ်ချက်(comments) များနှင့် လုံးဝ မတူညီသည်များကို ဆောင်ရွက်ပေးပါသလား။

- ရပ်ရွာအသိုင်းအဝိုင်း၏ စိုးရိမ်ချက်များကို ပြင်ဆင် ဆောင်ရွက်ပေးခဲ့ပါသလား။
- ပြင်ဆင်ပေးခဲ့ခြင်းများ မရှိခဲ့လျှင် - ရပ်ရွာအသိုင်းအဝိုင်းတွင် မည်သည့် စိုးရိမ်ချက်များ ရှိပါသနည်း။

၂.၅။ **စီမံကိန်းကြောင့် အသက်မွေးဝမ်းကျောင်းများ ပြောင်းလဲခြင်း** - ကုမ္ပဏီ၏လုပ်ငန်းများကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြောင်းလဲသွားတာ ရှိပါသလား။ ရှိလျှင်-မည်ကဲ့သို့ ပြောင်းလဲသွားပါသနည်း။

**နောက်ဆက်တွဲမေးခွန်း-**

- ဆိုးကျိုး (သို့မဟုတ်) ကောင်းကျိုး ပြောင်းလဲမှုများရှိလျှင် ကျေးဇူးပြု၍ ရှင်းပြပေးပါ။

## ၃။ သဘာဝပတ်ဝန်းကျင်

*တချို့သော စီမံကိန်းများသည် ရပ်ရွာအသိုင်းအဝိုင်းမှ မှီခိုနေရသော လေ၊ ရေ၊ မြေတို့နှင့် ပတ်သက်သော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်စေသည်။ အောက်ဖော်ပြပါ မေးခွန်းများသည် စီမံကိန်းမှ ရပ်ရွာအသိုင်းအဝိုင်း၏ ပတ်ဝန်းကျင်ရှိ သဘာဝပတ်ဝန်းကျင် သက်ရောက်မှု (ဆိုးကျိုး (သို့မဟုတ်) ကောင်းကျိုး) ရှိလျှင် ၎င်းတို့ကို လေ့လာရန်နှင့် စီမံကိန်းမရောက်မီနှင့် နှိုင်းယှဉ်လျှင် အများပိုင်မြေနှင့် သဘာဝအရင်းအမြစ်များကို အသုံးပြုသောကြောင့် သက်ရောက်မှုများရှိသည်ကို လေ့လာရန် ဆောင်ရွက်ထားခြင်းဖြစ်သည်။*

၃.၁။ **သဘာဝပတ်ဝန်းကျင် သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း** - ကုမ္ပဏီ (သို့မဟုတ်) အစိုးရမှ စီမံကိန်း မစတင်မီ သဘာဝပတ်ဝန်းကျင်အား မည်သို့ သက်ရောက်နိုင်သည်ကို လေ့လာမှုများ လုပ်ဆောင်ခဲ့ပါသလား။ စီမံကိန်းကြောင့် ရပ်ရွာအသိုင်းအဝိုင်း၏ လေ၊ ရေနှင့် မြေများကို သက်ရောက်ခြင်းအား ကုမ္ပဏီ (သို့မဟုတ်) အစိုးရမှ လာရောက်စောင့်ကြည့် စစ်ဆေးခြင်းများရှိပါသလား။ ရှိလျှင်-မကြာခဏ လာရောက်ပါသလား။ စောင့်ကြည့် စစ်ဆေးခြင်း၏ အသေးစိတ်က ဘာလဲ။

၃.၂။ **ရပ်ရွာအသိုင်းအဝိုင်းနှင့် ဆွေးနွေးညှိနှိုင်းခြင်း** - စီမံကိန်းနှင့် ပတ်သက်၍ ရပ်ရွာအသိုင်းအဝိုင်း၏ စိုးရိမ်ချက်များကို ကုမ္ပဏီ(သို့မဟုတ်)အစိုးရမှ ရပ်ရွာအသိုင်းအဝိုင်းသို့ အမြဲတမ်း လာရောက်မေးမြန်းမှုများ ရှိပါသလား။ ရှိလျှင်- မကြာခဏ ရှိပါသလား။ ဆွေးနွေးညှိနှိုင်းခြင်း၏ အသေးစိတ်က ဘာလဲ။

၃.၃။ **လေ့လာဆန်းစစ်ခြင်း၏ တွေ့ရှိချက်များအား ရပ်ရွာအသိုင်းအဝိုင်းသို့ အသိပေးအကြောင်းကြားခြင်း**- ကုမ္ပဏီ(သို့မဟုတ်) အစိုးရမှ လေ့လာဆန်းစစ်ခြင်း၏ တွေ့ရှိချက်များကို ရပ်ရွာအသိုင်းအဝိုင်းသို့ အသိပေးအကြောင်းကြားခြင်း (သို့မဟုတ်) လုပ်ဆောင်ချက်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သည့် သတင်းအချက်အလက်များကို ၎င်းတို့နားလည်နိုင်သော ဘာသာစကားဖြင့် အသိပေးဆောင်ရွက်မှုများ ရှိပါသလား။ တွေ့ရှိချက်များကို ရပ်ရွာအသိုင်းအဝိုင်းမှ သဘောမတူလျှင် - စီမံကိန်းအစီအစဉ်များကို ပြုပြင်ပြောင်းလဲနိုင်သော သက်ရောက်မှုများရှိစေရန် ၎င်းတို့၏သုံးသပ်ချက် (comments) များကို တင်ပြနိုင်သည့် အခွင့်အရေးများ ရှိပါသလား။

၃.၄။ **သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ဖွဲ့စည်းတည်ဆောက်မှုစနစ် (ecosystem) ဝန်ဆောင်မှုကို သက်ရောက်ခြင်း** - ကုမ္ပဏီ၏ လုပ်ဆောင်ချက်များကြောင့် ရပ်ရွာအသိုင်းအဝိုင်း၏ လေ၊ ရေ၊ မြေ အရည်အသွေးများကို မည်သို့ သက်ရောက်မှုရှိသနည်း။ ကောင်းကျိုးသက်ရောက်မှု (ဥပမာ - ကုမ္ပဏီမှ ရပ်ရွာအသိုင်းအဝိုင်းအတွက် ရေပေးဝေရေးစနစ်ကို မြှင့်တင်ပေးခြင်း) (သို့မဟုတ်) ဆိုးကျိုးသက်ရောက်မှုများ မည်ကဲ့သို့ ရှိပါသနည်း။ (သို့မဟုတ်) တစ်ခုမှ မရှိပါလား။

၃.၅။ **သက်ရောက်မှုများအား တိုင်ကြားခြင်း** - ရပ်ရွာအသိုင်းအဝိုင်းမှ သက်ရောက်မှုများအတွက် ကုမ္ပဏီအား အကြောင်းကြားခဲ့ပါသလား။ ကုမ္ပဏီတွင် တိုင်ကြားနိုင်သောစနစ် ဆောင်ရွက်ပေးထားပါသလား။

**နောက်ဆက်တွဲ မေးခွန်းများ-**

- တိုင်းကြားချက်များကို ကုမ္ပဏီဘက်မှ မည်သို့ တုန့်ပြန်သနည်း။
- ဒေသဆိုင်ရာ အစိုးရသို့ တိုင်ကြားရန် ဖြစ်နိုင်ခြေရှိပါသလား။
- အစိုးရမှ ရပ်ရွာအသိုင်းအဝိုင်း၏ စိုးရိမ်ချက်/တိုင်ကြားချက်များကို မည်ကဲ့သို့ တုန့်ပြန်ပါသနည်း။ (ဥပမာ-ဒေသဆိုင်ရာ အစိုးရမှ ပြဿနာများကို ကူညီဖြေရှင်းရန် ကြိုးစားခြင်း (သို့မဟုတ်) ကုမ္ပဏီ၏ အကျိုးကျေးဇူးကိုသာ ကာကွယ်သည့်ပုံစံမျိုး ရှိပါသလား။)

## ၄။ ဌာနေတိုင်းရင်းသားများ/ တိုင်းရင်းသား လူနည်းစုများ

*နိုင်ငံတကာဥပဒေများအရ ဌာနေတိုင်းရင်းသားများသည် အခြားသော လူအစုအဖွဲ့များ ခံစားခွင့်မရှိသည့် အထူးအခွင့်အရေး ရရှိထားကြသူများဖြစ်သည်။ သို့သော် မြန်မာနိုင်ငံတွင် ဌာနေတိုင်းရင်းသားလူမျိုးများ (indigenous peoples) နှင့် တိုင်းရင်းသားလူနည်းစု(ethnic minorities) ဆိုသည်မှာ ရှင်းလင်း၍ ကွဲပြားသည့် သတ်မှတ်ချက်များ မရှိပေ။ ဤမေးခွန်းများမှာ ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသူများသည် တိုင်းရင်းသား လူနည်းစု၊ ဌာနေတိုင်းရင်းသား (သို့မဟုတ်) လူမျိုးစုငယ် စသဖြင့် မည်သူများ ဖြစ်ကြသည်ကို သတ်မှတ်နိုင်ရန် ဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။*

၄.၁။ **တိုင်းရင်းသားလူနည်းစုများ/ဌာနေတိုင်းရင်းသားများဆိုသည်ကိုသတ်မှတ်ခြင်း** - ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသူများသည် ဗမာလူမျိုး ဖြစ်ပါသလား။ မဟုတ်လျှင် - မည်သည့် တိုင်းရင်းသားလူနည်းစု (သို့မဟုတ်) ဌာနေတိုင်းရင်းသား (သို့မဟုတ်) လူမျိုးစုငယ်များ ဖြစ်ကြပါသနည်း။

**နောက်ဆက်တွဲမေးခွန်းများ-**

- ရပ်ရွာအသိုင်းအဝိုင်းတွင် တိုင်းရင်းသားလူနည်းစုများ ရောနှောနေထိုင်ကြလျှင် ၎င်းတို့အုပ်စု တစ်စုချင်းစီ၏ ခန့်မှန်းလူဦးရေအချိုးအစား မည်မျှရှိသနည်း။

၄.၂။ **အသိအမှတ်ပြုခြင်း** – မြန်မာအစိုးရမှ တိုင်းရင်းသားလူမျိုးစုများကို သီးခြား တိုင်းရင်းသားများအဖြစ် သတ်မှတ်ပါသလား။

၄.၃။ **ခွဲခြားဆက်ဆံခြင်း** - တိုင်းရင်းသား လူနည်းစုများကို ခွဲခြားဆက်ဆံသည့် အဖြစ်အပျက်များ ရှိခဲ့ပါသလား။

**နောက်ဆက်တွဲမေးခွန်းများ-**

- ရှိခဲ့လျှင်- ဥပမာ တစ်ခုလောက်ပေးပါ။

## ၅။ နေအိမ်

*ဤစာပိုဒ်၏ရည်ရွယ်ချက်မှာ ရပ်ရွာအသိုင်းအဝိုင်း၏ နေအိမ်အခြေအနေနှင့် စီမံကိန်းကြောင့် ၎င်းတို့ ပြောင်းလဲသွားသလားဆိုသည်ကို သိရှိနိုင်ရန်ဖြစ်သည်။*

၅.၁။ **စီမံကိန်းအတွက် ရပ်ရွာ၏မြေများကို အသုံးပြုခြင်း** - ကုမ္ပဏီ၏စီမံကိန်းအတွက် အများပိုင်မြေ (သို့မဟုတ်) ရပ်ရွာတွင် နေထိုင်သူများ၏မြေများကို အသုံးပြုပါသလား။ ရပ်ရွာ၏ နေအိမ်များအတွက် လယ်ယာမြေများကို ရယူပါသလား။ ရပ်ရွာတွင် နေထိုင်သူများများမှ နေအိမ်တည်ဆောက်ရန် မြေများရှာဖွေ၍ မရလျှင် မည်သို့ ဖြစ်ပျက်သနည်း။

၅.၂။ **နေအိမ်အမျိုးအစား** - ရပ်ရွာအသိုင်းအဝိုင်းတွင် မည်သည့်နေအိမ်အမျိုးအစားဖြင့် အများစု နေထိုင်ကြသနည်း။ နေအိမ်များကိုတည်ဆောက်ရန် သင်၏ ရပ်ရွာအသိုင်းအဝိုင်းမှ သဘာဝပစ္စည်းများကို အသုံးပြုပါသလား။

**နောက်ဆက်တွဲမေးခွန်းများ-**

- နေအိမ်များကို တည်ဆောက်ရန် သဘာဝပစ္စည်းများကို အသုံးပြုပါက ကုမ္ပဏီရောက်ရှိပြီးနောက် ၎င်း သဘာဝပစ္စည်းများမှာ  များများ/ပုံမှန်/နည်းနည်း ရရှိနိုင်ပါသလား။

၅.၃။ **စီမံကိန်းအကျိုးဆက်ကြောင့် နေအိမ်ကုန်ကျမှုစရိတ်** - သင်၏ ရပ်ရွာအသိုင်းအဝိုင်းသို့ ကုမ္ပဏီရောက်ရှိပြီးနောက် နေအိမ်ဈေးများမှာ များ/ပုံမှန်/နည်း လာတာ ရှိပါသလား။

**နောက်ဆက်တွဲမေးခွန်းများ-**

- ဒေသ၏ နေအိမ် ကုန်ကျမှုစရိတ်နှင့် နှိုင်းယှဉ်လျှင် - သင်၏ ရပ်ရွာအသိုင်းအဝိုင်းရှိ နေအိမ်များသည် တန်ဖိုးနည်း/ဈေးကြီး/ပို၍ ဈေးကြီးပါသလား။

၅.၄။ **စီမံကိန်း ရလဒ်ကြောင့် နေအိမ်အရည်အသွေး** - သင်၏ ရပ်ရွာအသိုင်းအဝိုင်းသို့ ကုမ္ပဏီရောက်ရှိပြီးနောက် နေအိမ်အရည်အသွေးမှာ မြင့်/ပုံမှန်/နိမ့် လာပါသလား။

**နောက်ဆက်တွဲ မေးခွန်းများ-**

- ဒေသ၏ နေအိမ်အရည်အသွေးနှင့် နှိုင်းယှဉ်လျှင် သင့် ရပ်ရွာဒေသ၏ နေအိမ်အရည်အသွေး မြင့်/ပုံမှန်/နိမ့် လာပါသလား။

၅.၅။ **စီမံကိန်းရလဒ်ကြောင့် နေအိမ်ရရှိမှုအခြေအနေ** - သင်၏ ရပ်ရွာအသိုင်းအဝိုင်းသို့ ကုမ္ပဏီရောက်ရှိလာပြီးနောက် နေအိမ်ရရှိနိုင်မှုမှာ များ/ပုံမှန်/နည်း လာပါသလား။

## ၆။ လယ်ယာမြေရယူခြင်း

*ဤစာပိုဒ်၏ ရည်ရွယ်ချက်မှ စီမံကိန်းအတွက် လယ်ယာမြေရယူခြင်းလုပ်ငန်းစဉ်တွင် ရပ်ရွာအသိုင်းအဝိုင်း၏ လယ်ယာမြေအခွင့်အရေးကို ထည့်သွင်းစဉ်းစားခဲ့သလား(သို့မဟုတ်) မစဉ်းစားခဲ့ဘူးလားဆိုသည်ကို သိရှိရန်ဖြစ်သည်။ လယ်ယာမြေ၊ နေအိမ်နှင့် ပြောင်းရွှေ့နေရာချထားခြင်း အနှစ်ချုပ်စာလွှာကို ကြည့်ရှုပါ။*

၆.၁။ **ရပ်ရွာအသိုင်းအဝိုင်း၏ မြေယာ ပိုင်ဆိုင်မှုစနစ်** - ရပ်ရွာအသိုင်းအဝိုင်းတွင် မည်သည့် လယ်ယာမြေကို မည်သူပိုင်သည် (သို့မဟုတ်) မည်သူ အသုံးအပြုနေသည်ကို ရှင်းလင်းစွာ နားလည်ပါသလား။ နားမလည်လျှင်- မြေယာပိုင်ဆိုင်ခွင့်(သို့မဟုတ်) အသုံးပြုခွင့်ကို မည်ကဲ့သို့ တိုင်းတာသတ်မှတ်ပေးပါသနည်း။

၆.၂။ **စီမံကိန်းမတိုင်မီ ရပ်ရွာအသိုင်းအဝိုင်းမှ အသုံးပြုသောမြေ** - ကုမ္ပဏီစီမံကိန်း မစတင်မီကတည်းက ရပ်ရွာအသိုင်းအဝိုင်းမှ အများပိုင်မြေများနှင့် သဘာဝအရင်းအမြစ်များကို မည်ကဲ့သို့ အသုံးပြုခဲ့ကြသနည်း။ စီမံကိန်းလုပ်ဆောင်ပြီးနောက် အများပိုင်မြေများနှင့် သဘာဝအရင်းအမြစ်များကို ရပ်ရွာအသိုင်းအဝိုင်းမှ မည်ကဲ့သို့ ရရှိ (သို့မဟုတ်) အသုံးပြုသနည်း။

၆.၃။ **ရပ်ရွာအသိုင်းအဝိုင်း၏ မြေများကိုရယူခြင်းနှင့် လျော်ကြေးပေးခြင်း** - အစိုးရမှ ရပ်ရွာအသိုင်းအဝိုင်းအား ၎င်းတို့၏မြေများကို ကုမ္ပဏီစီမံကိန်းအတွက်ပေးရန် ပြောဆိုတာများ ရှိခဲ့ပါသလား။ ရှိလျှင်-မည်သည့်နေရာတွင် ရပ်ရွာအသိုင်းအဝိုင်းမှ မည်သူက လယ်ယာမြေဆုံးရှုံးပါသနည်း။ (ပြောင်းရွှေ့နေရာချထားခြင်းများရှိလျှင် ဤမေးခွန်းလွှာ၏ အခန်း (၇) ကို ကျေးဇူးပြု၍ ကြည့်ပါ။)

၆.၄။ **ပိုင်ရှင်အမှန် ဟုတ်မဟုတ် စစ်ဆေးခြင်း** - ရပ်ရွာအသိုင်းအဝိုင်း၏ မြေယာများကို မရယူမီ အစိုးရနှင့်/သို့မဟုတ် ကုမ္ပဏီတို့မှ ပိုင်ရှင်အမှန် (သို့မဟုတ်) လယ်ယာမြေကို အသုံးပြုသူကို ရှာဖွေရန် ရပ်ရွာအသိုင်းအဝိုင်းနှင့် ဆွေးနွေးညှိနှိုင်းခြင်းများ ရှိခဲ့ပါသလား။ (သို့မဟုတ်) ရပ်ရွာအသိုင်းအဝိုင်း ခေါင်းဆောင်(သို့မဟုတ်) ဒေသအစိုးရ၏ ပြောဆိုချက်များကို မှီခိုအားထားကာ သတ်မှတ်ဆောင်ရွက်ပါသလား။ အစိုးရ (သို့မဟုတ်) ကုမ္ပဏီမှပိုင်ရှင်အမှန် (သို့မဟုတ်) လယ်ယာမြေကို အသုံးပြုရန် အခွင့်အရေးရှိသူနှင့် ပြောဆို ဆွေးနွေးပါသလား။ အစိုးရ (သို့မဟုတ်) ကုမ္ပဏီမှ မည်သူပိုင်ရှင်အမှန်ဖြစ်သည် (သို့မဟုတ်) လယ်ယာမြေကို အသုံးပြုရန် အခွင့်အရေးရှိသူဖြစ်သည်ကို ရှာဖွေဖော်ထုတ်ပါသလား။

**နောက်ဆက်တွဲမေးခွန်းများ-**

- ရှိလျှင်- လျော်ကြေးပမာဏကို မည်ကဲ့သို့ ဆုံးဖြတ်ပေးပါသနည်း။ မရှိလျှင်-မည်သည့်အတွက်ကြောင့် မရှိသနည်း။

၆.၅။ **အများပိုင်မြေများကို ဂယ်ယူခြင်း** - ကုမ္ပဏီသည် ရပ်ရွာအသိုင်းအဝိုင်း၏ အများပိုင်မြေများကိုငှားခြင်း (သို့မဟုတ်) ဂယ်ယူခြင်းများ ရှိပါသလား။ (ဥပမာ- ရပ်ရွာအသိုင်းအဝိုင်းတစ်ခုလုံးမှ မြေများကိုငှားခြင်း၊ တစ်ဦးတစ်ယောက်ထံမှ ငှားခြင်းမျိုးမဟုတ်)

၆.၆။ **ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသူများထံမှ မြေယာ ဂယ်ယူခြင်း** - ကုမ္ပဏီမှ ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်သည့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းထံမှ စီမံကိန်းအတွက် တိုက်ရိုက် မြေယာငှားခြင်း (သို့မဟုတ်) ဂယ်ယူခြင်းများ ရှိခဲ့ပါသလား။ ၎င်းကိစ္စကို လူပုဂ္ဂိုလ်များမှ မည်သို့ ခံစားကြသနည်း။

၆.၇။ **မြေယာရယူခြင်းအတွက် ရပ်ရွာအသိုင်းအသိုင်း၏ ခံစားမှု** - ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသူများမှ မြေယာ ရယူခြင်းကို သဘောတူ(သို့မဟုတ်) ကန့်ကွက်ခဲ့ကြပါသလား။

**နောက်ဆက်တွဲ မေးခွန်းများ-**

- မြေယာရယူခြင်းကို ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသူများမှ သဘောမတူလျှင် - ၎င်းတို့မှ အစိုးရနှင့် သို့မဟုတ် ကုမ္ပဏီကို ပြောဆိုတာများရှိပါသလား။ မရှိလျှင် - ဘာကြောင့် မရှိသနည်း။ ရှိလျှင် - အစိုးရနှင့် သို့မဟုတ် ကုမ္ပဏီမှ မည်သို့ တုန့်ပြန်သနည်း။

၆.၈။ **လယ်ယာမြေအတွက် လျော်ကြေးပေးခြင်း** - အစိုးရ (သို့မဟုတ်) ကုမ္ပဏီမှ မြေယာရယူခြင်းအတွက် လျော်ကြေးများပေးပါသလား။ လျော်ကြေးကို မည်သို့ သတ်မှတ်ပေးပါသလဲ။ လျော်ကြေးမှာ ငွေ (သို့မဟုတ်) တစ်စုံတစ်ခု (တခြားသောမြေ) ကို ပေးတာလား။ နှစ်ခုစလုံး ပေးတာလား။ လျော်ကြေးကိုမိသားစု၏ အိမ်ထောင်ဦးစီး ယောကျ်ားတစ်ဦးတည်းကိုသာ ပေးတာလား။ ရပ်ရွာအသိုင်းအဝိုင်းမှ ၎င်းလျော်ကြေးများကို မျှတသည်ဟု ခံစားကြပါသလား။

၆.၉။ **ယဉ်ကျေးမှုအရ အရေးပါသောမြေယာများကို ရယူခြင်း** - ကုမ္ပဏီမှ ယဉ်ကျေးမှု (သို့မဟုတ်) ဘာသာရေး ဆိုင်ရာ အရေးပါသော မြေယာများကို ရယူရန်ကြိုးစားခဲ့ပါသလား။

**နောက်ဆက်တွဲ မေးခွန်းများ-**

- ရှိလျှင်-ရပ်ရွာအသိုင်းအဝိုင်း (သို့မဟုတ်) တစ်သီးပုဂ္ဂလများမှ ရောင်းချရန် သဘောတူပါသလား။ ကုမ္ပဏီမှ ရယူသောမြေသည် ယဉ်ကျေးမှုအမွေအနှစ် (သို့မဟုတ်) ဘာသာရေးဆိုင်ရာ အရေးပါသော နေရာထဲတွင်ရှိသည့်မြေဖြစ်နေလျှင် ၎င်းတို့ကိုပျက်စီးစေခြင်း၊ ဖျက်ဆီးခြင်း(သို့မဟုတ်)ကန့်သတ်ခြင်းများ ပြုလုပ်ပါသလား။

၆.၁၀။ **လယ်ယာမြေရယူပြီးနောက် မြေဈေးနှုန်း** - ကုမ္ပဏီမှ လယ်ယာမြေများကို ရယူပြီးနောက်(သို့မဟုတ်) ရယူအချိန်အတွင်း လယ်ယာမြေ/နေအိမ်ဈေးများ မြင့်တက်လာပါသလား။

## ၇။ ပြောင်းရွှေ့နေရာချထားခြင်း

***(မှတ်ချက်။ ရပ်ရွာအသိုင်းအဝိုင်းမှ ပြောင်းရွှေ့နေရာချထားခြင်း ခံရသူများအတွက်သာ အသုံးပြုရန် ဖြစ်သည်။)***

*ဤစာပိုဒ်သည် စီမံကိန်းမှ ပြောင်းရွှေ့နေရာချထားခြင်း ဆောင်ရွက်သည့်အခါ ရပ်ရွာအသိုင်းအဝိုင်း၏လယ်ယာမြေအခွင့်အရေးကို ထည့်သွင်းစဉ်းစားသလား၊ မစဉ်းစားဘူးလားဆိုသည်ကို သတ်မှတ်ရန်ဖြစ်သည်။ ပြောင်းရွှေ့နေရာချထားခြင်းသည် အစိုးရ(သို့မဟုတ်) ကုမ္ပဏီမှ ရပ်ရွာ၏မြေများကို စီမံကိန်းအတွက် လိုအပ်သောကြောင့် ၎င်းနေရာတွင် နေထိုင်ကြသူများကို ဇာတိရွာများမှ တခြားသောနေရာများသို့ ပြောင်းခြင်းဖြစ်သည်။ ဥပမာ - ကုမ္ပဏီမှ အနားယူအပန်းဖြေနေရာများအတွက် လယ်ယာမြေနေရာကျယ်ကျယ်ဝန်းဝန်း လိုအပ်လျှင် ထိုမြေတွင် ရပ်ရွာအသိုင်းအဝိုင်းမှ အခြေချနေထိုင်ကြခြင်းများရှိလျှင် အစိုးရမှ ရပ်ရွာတစ်ခုလုံးကို ပြန်လည်နေရာချထားရန် ကုမ္ပဏီကို ပြောဆိုလာကောင်းပြောဆိုနိုင်သည်။ ကုမ္ပဏီမှ ရွာသားများကို တခြားသောနေရာ၌ မြေယာများ အစားထိုးလျော်ကြေးပေးသောအခါ တူညီသည့် အရည်အသွေး (သို့မဟုတ်) အကောင်းဆုံးအရည်အသွေးရှိသည့် မြေယာများကို သာအစားထိုးပေးရမည်။ နေအိမ်နှင့် ဝန်ဆောင်မှု (ရေ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပမ်းဆက်သွယ်ရေး စသဖြင့်) များ တိုးတက်ကောင်းမွန်ရန် ထောက်ပံ့ပေးခြင်းနှင့် ကောက်ပဲသီးနှံများ (သို့မဟုတ်) စိုက်ပျိုးရေးများအတွက် အစားထိုးဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည့် စီမံကိန်းများကို ဖော်ဆောင်ခြင်း (ကုမ္ပဏီ/ကန်ထရိုက်တာအလုပ်များ (သို့မဟုတ်) စီမံကိန်းကြောင့် ရပ်ရွာအသိုင်းအဝိုင်းမှ ဝင်ငွေများ ရရှိလာခြင်း စသဖြင့်) များကို လုပ်ဆောင်ပေးသင့်သည်။*

၇.၁။ **စီမံကိန်းကြောင့် ရပ်ရွာအသိုင်းအဝိုင်းကို ပြောင်းရွှေ့နေရာချထားခြင်း** - စီမံကိန်းကြောင့် အစိုးရနှင့်/သို့မဟုတ် ကုမ္ပဏီမှလူအများကို တခြားသောနေရာများသို့ ပြောင်းရွှေ့နေရာချထားခြင်းများ ရှိခဲ့ပါသလား။

၇.၂။ **ပြောင်းရွှေ့နေရာချထားခြင်းရန်အတွက် ဆွေးနွေးညှိနှိုင်းခြင်း လုပ်ငန်းစဉ်** - ပြောင်းရွှေ့နေရာချထားသည့် လုပ်ငန်းစဉ်ကို မည်သို့ စီမံဆောင်ရွက်ခဲ့သနည်း။

**နောက်ဆက်တွဲမေးခွန်းများ-**

- မည်သည့်အတွက်ကြောင့် ပြောင်းရွှေ့နေရာချထားခြင်းကို ဆောင်ရွက်ရသည် ဆိုသည့်အကြောင်း အစိုးရ/ကုမ္ပဏီနှင့် ရပ်ရွာအသိုင်းအဝိုင်းကြားတွင် ဆွေးနွေးသည့် အစည်းအဝေးများ ရှိပါသလား။ ရပ်ရွာမှ ပြောင်းရွှေ့နေရာချထားခြင်းကို သဘောတူပါသလား။ ပြောင်းရွှေ့နေရာချထားခြင်းကို မည်သို့ ဆောင်ရွက်သနည်း။ ရပ်ရွာအသိုင်းအဝိုင်းမှ လျော်ကြေးများ ရရှိပါသလား။

၇.၃။ **ပြောင်းရွှေ့နေရာချထားခြင်းအတွက် ရပ်ရွာအသိုင်းအဝိုင်း၏ ခံစားချက်** - ရပ်ရွာအသိုင်းအဝိုင်းမှ ပြောင်းရွှေ့နေရာချထားရန် သဘောတူခဲ့ပါသလား။

**နောက်ဆက်တွဲမေးခွန်းများ-**

- သဘောမတူခဲ့လျှင် - ၎င်းကိစ္စကို အစိုးရနှင့်/သို့မဟုတ် ကုမ္ပဏီသို့ အကြံပေးပြောကြားခဲ့တာ ရှိပါသလား။ မရှိလျှင် - ဘာကြောင့် မရှိတာလဲ။ ရှိလျှင် - အစိုးရနှင့်/သို့မဟုတ် ကုမ္ပဏီမှ မည်သို့ တုန့်ပြန်ပါသနည်း။

၇.၄။ **ပြောင်းရွှေ့နေရာချထားမည့် နေရာရွေးချယ်ခြင်း** - ပြောင်းရွှေ့နေရာချထားမည့် နေရာကို မည်ကဲ့သို့ ရွေးချယ်ခဲ့ကြသနည်း။ ရပ်ရွာအသိုင်းအဝိုင်းမှ ၎င်းနေရာသစ်ကို သဘောတူခဲ့ကြပါသလား။

**နောက်ဆက်တွဲမေးခွန်းများ-**

- ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ရန်နှင့် တခြားသော အရည်အသွေးနှင့် ပမာဏတူညီသည် မြေယာများရရှိရန် ဖြစ်နိုင်ခြေရှိပါသလား။ ၎င်းတို့ကို အတင်းပြောင်းရွှေ့ခိုင်းပါသလား။ ထိုသို့ပြောင်းရွှေ့ရမည်ကို သဘောတူခဲ့ပါသလား။

၇.၅။ **ရပ်ရွာအသိုင်းအဝိုင်းမှ တိုင်ကြားနိုင်သည့် အခွင့်အရေး** - ရပ်ရွာအသိုင်းအဝိုင်းမှ ၎င်းတို့သဘောမတူလျှင်- အစိုးရသို့ ပြောင်းရွှေ့နေရာချထားခြင်းကို ရပ်တန့်ရန် တရားဝင်တိုင်ကြားခြင်းများ ရှိခဲ့ပါသလား။

၇.၆။ **ပြောင်းရွှေ့နေရာချထားခြင်း (ရပ်ရွာအသိုင်းအဝိုင်းတစ်ခုလုံး)လုပ်ငန်းစဉ်**- ရပ်ရွာအသိုင်းအဝိုင်းတစ်ခုလုံးကို တူညီသော နေရာတစ်ခုတည်းတွင် ပြောင်းရွှေ့နေရာချထားခြင်းများ ရှိပါသလား။

**နောက်ဆက်တွဲမေးခွန်းများ-**

- သို့မဟုတ် - ရပ်ရွာအသိုင်းအဝိုင်းမှ တချို့သောသူများကိုသာ ပြောင်းရွှေ့နေရာ ချထားပါသလား။ ၎င်းတို့ကို မတူညီသောနေရာများတွင် နေရာချထားခြင်းများ ရှိပါသလား။

၇.၇။ **ပြောင်းရွှေ့နေရာချထားခြင်း (မိသားစု တစ်ခုချင်းစီ) လုပ်ငန်းစဉ်** - မိသားစုများကို တူညီသော နေရာများတွင် အတူတကွ ပြောင်းရွှေ့ နေရာချထားပေးပါသလား။ မိသားစုဝင်များကို မတူညီသော နေရာများတွင် ပြောင်းရွှေ့နေရာချထားလျှင်- ၎င်းတို့၏ မိသားစုလူမှုရေး/ယဉ်ကျေးမှုအခြေအနေ (ထောက်ပံ့သည့် စနစ်/အသက်မွေးဝမ်းကျောင်း)ကို မည်ကဲ့သို့ ထိခိုက်ပါသနည်း။

၇.၈။ **နေရာသစ်တွင် နေထိုင်မှုအခြေအနေ** - နေရာသစ်တွင် နေထိုင်ရသည့် အခြေအနေမှာ မည်သို့ရှိပါသနည်း။ ယခင် နေရာထက် ပို၍ ကောင်းပါသလား (သို့မဟုတ်) ညံ့ပါသလား။ မည်သို့ ကွာခြားပါသနည်း။

၇.၉။ **ပြောင်းရွှေ့နေရာချထားပြီးနောက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြောင်းလဲခြင်း**- ယခင်နေရာကဲ့သို့ နေရာသစ်တွင် တူညီသည့် အသက်မွေးဝမ်းကျောင်းများကို ရပ်ရွာအသိုင်းမှ လုပ်ဆောင်နိုင်ပါသလား။ မလုပ်ဆောင်နိုင်လျှင်- မည်သည့် အခြေခံ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြောင်းလဲသွားပါသလဲ။

၇.၁၀။ **ပြောင်းရွှေ့နေရာချထားပြီးနောက် အလုပ်အခြေအနေများ ပြောင်းလဲခြင်း** - နေရာသစ်တွင် ရပ်ရွာအသိုင်းအဝိုင်းမှ ၎င်းတို့စားဝတ်နေရေးနှင့် မိသားစုစားဝတ်နေရေးအတွက် မတူညီသည့် အလုပ်များကို လုပ်ကိုင်နေရပါသလား။ ယခင်နေရာတွင် လုပ်ကိုင်ခဲ့သည့်အလုပ်များ မဟုတ်သည့်အတွက် (ပညာရေး၊ အားလပ်ချိန်၊ ယဉ်ကျေးမှုအခမ်းအနားများ စသဖြင့်) မည်ကဲ့သို့ သက်ရောက်မှု ရှိပါသနည်း။

၇.၁၁။ **ပြောင်းရွှေ့နေရာချထားခြင်းအတွက် လျော်ကြေးပေးခြင်း** - ပြောင်းရွှေ့နေရာချထားခြင်းအတွက် ရပ်ရွာအသိုင်းအဝိုင်းမှ လျော်ကြေးများ ရရှိပါသလား။ ၎င်းတို့၏ ယခင်နေအိမ်များနှင့် မြေယာများထက် အရည်အသွေးကောင်းမွန်သော (သို့မဟုတ်) တူညီသောနေအိမ်နှင့် မြေနေရာများကို ရပ်ရွာအသိုင်းအဝိုင်းမှ ပြန်လည်ရရှိပါသလား။ ကောက်ပဲသီးနှံပင်များနှင့် တခြားသော စိုက်ပျိုးရေးဆိုင်ရာ အရင်းအမြစ်များ ပျက်စီးသွားသည့်အတွက် လျော်ကြေးရရှိပါသလား။ နေရာသစ်တွင် အသက်မွေးဝမ်းကျောင်းများ (စိုက်ပျိုးမွေးမြူရေး၊ ငါးဖမ်းလုပ်ငန်း၊ လက်မှုထုတ်ကုန်ပြုလုပ်ခြင်းနှင့် ရောင်းချခြင်း၊ တခြားသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းများ) ပြန်လည်လုပ်ကိုင်နိုင်ရန် အကူအညီရရှိပါသလား။

၇.၁၂။ **ပြောင်းရွှေ့နေရာချထားခြင်းကြောင့် ထိခိုက်လွယ်သည့် အုပ်စုများကို သက်ရောက်ခြင်း** - ပြောင်းရွှေ့နေရာချထားခြင်းကြောင့် အမျိုးသမီးများ၊ ကလေးများ၊ အသက်အရွယ်ကြီးသူများ (သို့မဟုတ်) တခြားသော ထိခိုက်လွယ်သည့်အုပ်စုများကို မည်ကဲ့သို့ သက်ရောက်ပါသနည်း။

၇.၁၃။ **လျော်ကြေးပမာဏနှင့် နည်းလမ်း** - လျော်ကြေးကို ငွေသား(cash)၊ ဆုံးရှုံးသွားသည့်ပစ္စည်း အစားထိုးပေးခြင်း (သို့မဟုတ်) ပေါင်းစပ်ပေးခြင်း ပုံစံမျိုးဖြင့် ပေးပါသလား။ လျော်ကြေးပမာဏကို မည်သို့ ဆုံးဖြတ်ပေးပါသနည်း။ လျော်ကြေးပမာဏကို ရပ်ရွာအသိုင်းအဝိုင်းမှ သဘောတူ လက်ခံပါသလား။

၇.၁၄။ **တရားဝင် မြေယာပိုင်ဆိုင်သည့် သက်သေခံလက်မှတ်** - ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသူများ၌ ယခင်နေရာတွင် မြေယာပိုင်ဆိုင်သည့် တရားဝင်အထောက်အထား ရှိပါသလား။ ယခု နေရာသစ်တွင် ၎င်းတို့၏ လယ်ယာမြေနှင့် ပစ္စည်းဥစ္စာများကို ပိုင်ဆိုင်ကြောင်း တရားဝင်စာရွက်စာတမ်းများ ရှိပါသလား။

၇.၁၅။ **နေရာသစ်တွင် ကောင်း/ဆိုး အခြေအနေ** - နေရာသစ်တွင် ကောင်းသည့်အကြောင်းအရာက ဘာတွေလဲ။ မကောင်းသည့်အကြောင်းအရာက ဘာတွေလဲ။

၇.၁၆။ **အများပိုင်မြေကို ကုမ္ပဏီမှ ပြန်လည်ထူထောင်ခြင်း** - ကုမ္ပဏီမှ အများပိုင်မြေကို အသုံးပြုပြီးနောက် ရပ်ရွာအသိုင်းအဝိုင်းမှ ပြန်လည်အသုံးပြုနိုင်ရန် နဂိုအတိုင်းဖြစ်အောင် ပြန်လည်ဆောင်ရွက်ပေးပါသလား။

**နောက်ဆက်တွဲမေးခွန်းများ-**

- ဥပမာ-၎င်းတို့ အဆောက်အအုံ၊ ပစ္စည်း (သို့မဟုတ်) တခြားသော ဖွဲ့စည်းတည်ဆောက်ထားသည့် အရာအားလုံးကို ဖယ်ရှားပေးပါသလား။ သဘာဝပေါက်ပင်များကို ပြန်လည် အစားထိုးပါသလား။ ၎င်းတို့ပြုလုပ်မှုကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းခြင်းအတွက် သန့်ရှင်းရေးများ ဆောင်ရွက်ပါသလား။

၇.၁၇။ **ပြန်လည်ထူထောင်ရေးနှင့် ဆက်စပ်၍ ရပ်ရွာအသိုင်းအဝိုင်းနှင့် ဆွေးနွေးညှိနှိုင်းခြင်း** - ကုမ္ပဏီမှ ရပ်ရွာနှင့် လယ်ယာမြေများကို မည်ကဲ့သို့ ပြန်လည်ပြုပြင်ရေး လုပ်မည်ဆိုသည်ကို ဆွေးနွေးညှိနှိုင်းမှုများ ရှိခဲ့ပါသလား။

၇.၁၈။ **မြေများကို ပြန်လည်ရောင်းချရန် ကုမ္ပဏီမှ ရပ်ရွာအသိုင်းအဝိုင်းနှင့် ဆွေးနွေးညှိနှိုင်းခြင်း** - ကုမ္ပဏီမှ ရေရှည်အသုံးပြုရန် မလိုအပ်သည့် လယ်ယာမြေကို ပြန်၍မရောင်းချမီ မူရင်းမြေပိုင်ရှင်များနှင့် ရပ်ရွာအသိုင်းအဝိုင်းကို ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါသလား။

## ၈။ ရပ်ရွာအသိုင်းအဝိုင်းအား အကြောင်းကြား ဆွေးနွေးညှိနှိုင်းခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း

*ဤစာပိုဒ်၏ ရည်ရွယ်ချက်မှ လူ့အခွင့်အရေးနှင့်အညီ ရပ်ရွာအသိုင်းအဝိုင်းနှင့် ဆွေးနွေးညှိနှိုင်းခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း လုပ်ငန်းစဉ်များကို သတ်မှတ်ရန်ဖြစ်သည်။ ၎င်းတို့တွင် သတင်းအချက်အလက်များ ရရှိခြင်း၊ ထိခိုက်လွယ်သည့် အုပ်စုများ/လူပုဂ္ဂိုလ်ကို အလေးပေးဂရုစိုက်ခြင်း၊ လူ့အခွင့်အရေးလှုပ်ရှားသူများကို လုပ်ပိုင်ခွင့်ပေးခြင်းနှင့် ယဉ်ကျေးမှုအရ သင့်တော်စွာ ဆောင်ရွက်မှုတို့ ပါဝင်သည်။*

၈.၁။ **စီမံကိန်း၏ သတင်းအချက်အလက်များကို ရပ်ရွာအသိုင်းအဝိုင်းသို့ ဖေငှပေးခြင်း** - ကုမ္ပဏီ၏ စီမံကိန်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ရပ်ရွာအသိုင်းအဝိုင်းမှ ရရှိပါသလား။ ရှိလျှင်-မည်သူ (ဒေသအစိုးရ (သို့မဟုတ်) ကုမ္ပဏီ) မှ ၎င်းသတင်းအချက်အလက်များကို ဖေငှပေးပါသနည်း။ သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်းမှ ပြောင်းလဲမှုကိုကြည့်၍ (သို့မဟုတ်) ကုမ္ပဏီတွင် အလုပ်လုပ်နေသူများထံမှ လေ့လာ၍သာ သိရှိနိုင်ပါသလား။

၈.၂။ **ဘာသာစကားနှင့် ပါဝင်သည့်အကြောင်းအရာကို နားလည်ခြင်း** - နားလည်လျှင်- ဖေငှပေးသည့် သတင်းအချက်အလက်များတွင်ပါဝင်သည့် အစီအစဉ်များကို ရပ်ရွာအသိုင်းအဝိုင်းမှ နားလည်ရန် ဒေသဘာသာစကားဖြင့် ဆောင်ရွက်ပေးခြင်းနှင့် ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်သူများနှင့် အသက်အရွယ်ကြီးသူများကို လေးစားသည့်ပုံစံများဖြင့် လုပ်ဆောင်ပေးပါသလား။

၈.၃။ **ရပ်ရွာအသိုင်းအဝိုင်းမှ အကြံပြုဖြည့်သွင်းနိုင်သည့် အခွင့်အရေး** - ထပ်မံ၍ သတင်းအချက်အလက်များ ရရှိရန် ရပ်ရွာအသိုင်းအဝိုင်းမှ စီမံကိန်းနှင့် ပတ်သက်သည့် ၎င်းတို့၏ အမြင်များကို တောင်းခံပါသလား။ ကုမ္ပဏီ(သို့မဟုတ်) ဒေသအစိုးရမှ ၎င်းတို့တင်ပြသည့်အချက်များနှင့် မည်သည့်အတွက်ကြောင့် သဘောတူ၊ သဘောမတူကြောင်း ရှင်းပြချက်များကို နားထောင်ပါသလား။

၈.၄။ **ဆွေးနွေးညှိနှိုင်းရာတွင် ရပ်ရွာအသိုင်းအဝိုင်းမှ အတန်းအစားအားလုံး ပါဝင်ခြင်း** - ရပ်ရွာအသိုင်းအဝိုင်းမှ ဆွေးနွေးရာတွင် အတန်းအစားအားလုံး ပါဝင်ပါသလား။ ဥပမာ-အမျိုးသမီးများ၊ လူငယ်များ၊ ကလေးများ၊ မသန်စွမ်းများ၊အသက်အရွယ်ကြီးသူများ၊ဘာသာရေးအဖွဲ့ဝင်များ(သို့မဟုတ်)တိုင်းရင်းသားလူနည်းစုများ ပါဝင်အောင် ဖိတ်ကြားပါသလား။ ၎င်းတို့ စီမံကိန်းအကြောင်း ဆွေးနွေးရာတွင် ပါဝင်ပါသလား။

## ၉။ စိုးရိမ်မှုများ၊ နစ်နာမှုများ၊ မကျေနပ်မှုများအား တိုင်ကြားနိုင်သည့် စနစ်များ

*ဤစာပိုဒ်၏ ရည်ရွယ်ချက်မှာ စီမံကိန်းကြောင့် ရပ်ရွာအသိုင်းအဝိုင်း၏ စိုးရိမ်ချက်များနှင့် မတော်တဆမှုများ ရှိခဲ့လျှင် ၎င်းကိုတိုင်ကြားရန် ခွင့်ပြုပေးထားသည့် လုပ်ငန်းစဉ်များ ရှိ၊ မရှိဆိုသည့် အဖြေကို ရရှိရန်ဖြစ်သည်။ ဥပမာ - လုံခြုံရေးအစောင့်များမှ ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်သူများကို အနှောင့်အယှက်ပေးခြင်း (သို့မဟုတ်) မတရားဆက်ဆံခြင်း (သို့မဟုတ်) စီမံကိန်းဆောက်လုပ်ရေးကြောင့် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေခြင်းများကဲ့သို့ ဖြစ်သည်။*

၉.၁။ **ရပ်ရွာအသိုင်းအဝိုင်း၏ သဘောထား** - ကုမ္ပဏီ၊ ၎င်းကုမ္ပဏီ၏ အလုပ်နှင့်အလုပ်သမားများအပေါ် ရပ်ရွာအသိုင်းအဝိုင်း၏ သဘောထားက ဘာလဲ။

၉.၂။ **ကုမ္ပဏီအလုပ်သမားများနှင့် ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်သူများ မတော်တဆဖြစ်ခြင်း** - ကုမ္ပဏီနှင့် ဆက်စပ်သည့်ဝန်ထမ်းများနှင့် ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်သူများကြား မတော်တဆမှုများ ရှိခဲ့ပါသလား။

**နောက်ဆက်တွဲ မေးခွန်းများ-**

(လိုအပ်မှ မေးရန်) ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်သူများကို ကုမ္ပဏီအလုပ်သမားများမှ မတရားဆက်ဆံခြင်း (သို့မဟုတ်) မလေးစားခြင်း (သို့မဟုတ်) မသင့်တော်သည့် အပြုမူများဖြင့် ဆောင်ရွက်ခြင်း ရှိပါသလား။

၉.၃။ **တိုင်ကြားမှုကို ဖြေရှင်းခြင်း** - ပြဿနာများရှိလျှင် ရပ်ရွာအသိုင်းအဝိုင်းမှ ၎င်းကိစ္စကို တိုင်ကြားနိုင်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးထားပါသလား။

**နောက်ဆက်တွဲ မေးခွန်းများ-**

- ရပ်ရွာအသိုင်းအဝိုင်းမှ တိုင်ကြားမှုများနှင့် ကြုံဖူးပါသလား။ ကြုံဖူးလျှင်- မည်သည့်နေရာတွင် ကြုံဖူးပါသနည်း။ ၎င်းပြဿနာကို မည်ကဲ့သို့ ဖြေရှင်းခဲ့ပါသနည်း။ မဖြေရှင်းပေးခဲ့သည့် ဖြစ်ရပ်များ ရှိပါသလား။ ရှိလျှင်-တိုင်ကြားချက်၏ အသေးစိတ်က ဘာလဲ။ ဘာကြောင့် ၎င်းကို မဖြေရှင်းသလဲ။

## ၁၀။ အများပြည်သူ ဝန်ဆောင်မှုများနှင့် ရပ်ရွာအသိုင်းအဝိုင်း ဝန်ဆောင်မှုများ

*ဤစာပိုဒ်၏ ရည်ရွယ်ချက်မှာ ရေ၊ မီလာ၊ လျှပ်စစ်မီး၊ ဆေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးကဲ့သို့ အများပြည်သူနှင့် ရပ်ရွာအသိုင်းအဝိုင်းအတွက် ဝန်ဆောင်မှုကို အစိုးရ(သို့မဟုတ်) ပုဂ္ဂလိကကုမ္ပဏီများမှ ထောက်ပံ့ပေးပါသလား ဆိုသည်ကို သိရှိမှတ်သားနိုင်ရန် ဖြစ်သည်။*

၁၀.၁။ **ရပ်ရွာအသိုင်းအဝိုင်းအတွက် ထောက်ပံ့မှုများနှင့် ဝန်ဆောင်မှုများ** - ရပ်ရွာအသိုင်းအဝိုင်းမှ အောက်ဖော်ပြပါ ထောက်ပံ့မှုနှင့် ဝန်ဆောင်မှုများ ရရှိပါသလား။ အစိုးရ(သို့မဟုတ်) တစ်စုံတစ်ယောက်မှ ၎င်းထောက်ပံ့မှုနှင့်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးပါသလား။ ကျေးဇူးပြု၍ ရှင်းပြပေးပါ။

- ကျန်းမာရေး စောင့်ရှောက်မှု ဂေဟာ
- ပြည်သူ့ဆေးရုံ(သို့မဟုတ်) ပုဂ္ဂလိကဆေးရုံ
- ပုဂ္ဂလိက ဆေးခန်း
- ပုဂ္ဂလိက ဆရာဝန်
- ဝမ်းဆွဲဆရာမများ
- တိုင်းရင်းဆေး ဆရာဝန်
- ဆေးဆိုင်
- လိုအပ်သည့် ဆေးဝါးများ
- အညစ်အကြေး စွန့်ပစ်သည့်စနစ်၊ အမှိုက်သရိုက်စုဆောင်းသည့် စနစ်
- ရဲစခန်း၊မီးသတ်တပ်ဖွဲ့
- အပန်းဖြေရန် နေရာထောက်ပံ့ပေးခြင်း (အားကစားနေရာ၊ ဘောလုံးကွင်း၊ ယဉ်ကျေးမှုစင်တာ၊ အများပြည်သူ့ စင်တာ၊ စာကြည့်တိုက်များ)
- အစိုးရ၊ အလုပ်သမားဌာန

- ကျောင်း-မူကြို၊ မူလတန်း၊ အလယ်တန်းကျောင်း
- အသက်မွေးဝမ်းကျောင်းနှင့် စွမ်းရည်မြှင့်သင်တန်းပေးနေသော ဌာနများ(သို့မဟုတ်) အဖွဲ့အစည်းများ
- လျှပ်စစ်မီး၊ ရေပိုက်၊ ဖုန်းလိုင်းများ
- အများပြည်သူ အလင်းရောင် ရရှိမှု
- ရေကန်၊ ပင်လယ်၊ မြစ်များမှတစ်ဆင့် ရရှိမှု
- ဘဏ်
- ဈေး
- ဂတ်ပြုရန်နေရာ (ဘုရားကျောင်း၊ ဗလီ၊ ဘုန်းကြီးကျောင်း)
- လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု- ကျောက်ခင်းလမ်း၊ ကျောက် မခင်းရသေးသည့်လမ်း
- သယ်ယူပို့ဆောင်ရေးမှ တစ်ဆင့်ရရှိမှု (ဘတ်စ်၊ ရထား၊ မီနီဘတ်စ်)

၁၀.၂။ **ထောက်ပံ့ခြင်းနှင့် ဝန်ဆောင်မှုများအပေါ် သက်ရောက်မှုရှိခြင်း** - အထက်ဖော်ပြပါ ဝန်ဆောင်မှုများကို ကုမ္ပဏီ၏လုပ်ငန်းများကြောင့် ထိခိုက်ပါသလား။ ထိခိုက်မှုရှိလျှင် - မည်ကဲ့သို့ ထိခိုက်သနည်း။ ကျေးဇူးပြု၍ ရှင်းပြပါ။ ဥပမာ - ရပ်ရွာအတွင်းရှိ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းတွင် အလုပ်လုပ်နေကြသူများမှ ၎င်းတို့၏ အလုပ်ကိုရပ်တန့်ပြီး ကုမ္ပဏီမှ ပိုမိုလစာမြင့်သော အလုပ်များတွင် ဝင်ရောက်လုပ်ကိုင်ခြင်းကြောင့် ဆရာဝန်ရုံးများ၊ ဘဏ်များ၊ အားကစားစင်တာများကဲ့သို့သော နေရာများတွင် ဝန်ဆောင်မှုရရှိရန် စောင့်နေရခြင်း၊ လူတန်းရှည် ဖြစ်စေခြင်းများ ရှိလာပါသလား၊ (သို့မဟုတ်) ရပ်ရွာအသိုင်းအဝိုင်းအတွက် နေထိုင်စားသောက်စရိတ်များ မြင့်တက်လာပါသလား။ (သို့မဟုတ်) အများပြည်သူ သယ်ယူပို့ဆောင်ရေး အရည်အသွေးနှင့် အရေအတွက် တိုးတက်လာပါသလား။ (သို့မဟုတ်) နိမ့်ကျသွားပါသလား။ စီမံကိန်းကြောင့် လမ်းများကို ပြောင်းလဲသွားစေနိုင်ပါသလား။

## ၁၁။ ရွှေ့ပြောင်းဝင်ရောက်လာခြင်း/ ပြောင်းရွှေ့ထွက်ခွာသွားခြင်း

*ဤအပိုဒ်၏ရည်ရွယ်ချက်မှာ စီမံကိန်းကြောင့် ရပ်ရွာအသိုင်းအဝိုင်း၏ လူဦးရေ တိုးလာသလား/ လျော့နည်းသွားသလားဆိုသည်ကို သတ်မှတ်ရန်နှင့် မည်သည့်အကျိုးဆက်ကြောင့် ပြောင်းလဲသွားသည်ကို သိရှိရန် ဖြစ်သည်။*

၁၁.၁။ **စီမံကိန်းကြောင့် ရပ်ရွာအသိုင်းအဝိုင်တွင် လူဦးရေးတိုးလာခြင်း** - စီမံကိန်းတွင် အလုပ်အကိုင် ရရှိရန် လူသစ်များ ရှာဖွေလာခြင်းကြောင့် ရပ်ရွာအသိုင်းအဝိုင်းတွင်(သို့မဟုတ်) ပတ်ဝန်းကျင် နယ်မြေများတွင် လူဦးရေးတိုးလာပါသလား။

**နောက်ဆက်တွဲမေးခွန်းများ-**

- ၎င်းလူသစ်များမှ မြန်မာနိုင်ငံ (သို့မဟုတ်) အိမ်နီးချင်းနိုင်ငံများ (သို့မဟုတ်) ဖွံ့ဖြိုးတိုးသော နိုင်ငံများမှလည်းဖြစ်နိုင်သည်။ လူဦးရေ အရေအတွက် မည်မျှရှိသနည်း။

၁၁.၂။ **စီမံကိန်းကြောင့် စီးပွားရေးလုပ်ငန်းများ တိုးလာခြင်း** - ရပ်ရွာအသိုင်းအဝိုင်းရှိ တခြားသော စီးပွားရေးလုပ်ငန်းများ (ဥပမာ-ကော်ဖီဆိုင်၊ စားသောက်ဆိုင်၊ဘားများ(bars) စသဖြင့်) ကို ကုမ္ပဏီမှ စီးပွားရေးကဏ္ဍအတွက် ဝန်ဆောင်မှုများထောက်ပံ့ရန် ဦးစီးဆောင်ရွက်တာများ ရှိပါသလား။ ရပ်ရွာအသိုင်းအဝိုင်းသို့ လူအများ ရောက်ရှိလာပြီး ၎င်းကဲ့သို့ စီးပွားရေးများ လုပ်ကိုင်ကြပါသလား။

၁၁.၃။ **စီမံကိန်းကြောင့် အမျိုးသားဦးရေတိုးလာခြင်း** - ရပ်ရွာအသိုင်းအဝိုင်းတွင် အမျိုးသားဦးရေ တိုးလာပါသလား။ ၎င်းကဲ့သို့ တိုးလာခြင်းကြောင့် ရပ်ရွာအသိုင်းအဝိုင်းတွင် မူရင်းနေထိုင်ကြသူများကို မည့်သို့ သက်ရောက်မှုရှိပါသနည်း။

၁၁.၄။ **လိင်ကုန်ကူးမှုနှင့် ရာဇဝတ်မှုနှုန်းတိုးလာခြင်း** – လိင်ကုန်ကူးမှုနှင့် ရာဇဝတ်မှုနှုန်းတိုးလာသည်ဟု ရပ်ရွာအသိုင်းအဝိုင်းမှ ယုံကြည်နေကြပါသလား။

၁၁.၅။ **ရပ်ရွာလူထု၏ လုံခြုံရေးနှင့်ပတ်သက်သောခံစားမှု ပေါ်သက်ရောက်ခြင်း** - စီမံကိန်းမှ ရပ်ရွာအသိုင်းအဝိုင်း၏ လုံခြုံရေးခံစားမှုများအပေါ် သက်ရောက်မှုရှိပါသလား။

၁၁.၆။ **လူဦးရေတိုးပွားလာခြင်းကြောင့် အများပြည်သူဝန်ဆောင်မှုကို သက်ရောက်ခြင်း** - လူဦးရေ တိုးပွာလာခြင်းသည် အများပြည်သူဝန်ဆောင်မှု (ပညာရေး၊ ကျန်းမာရေး၊ အပန်းဖြေရန် နေရာ၊ အများပြည်သူလုံခြုံရေး စသဖြင့်) ကို သက်ရောက်မှု ရှိပါသလား။

၁၁.၇။ **အစားအစာနှင့် နေအိမ်စရိတ်မြင့်လာခြင်း** - စီမံကိန်းကြောင့် အစားအစာနှင့်ကုန်ပစ္စည်း ဈေးနှုန်းမြင့်လာပါသလား။

၁၁.၈။ **အပြင်မှ လာရောက်သူများကြောင့် ပဋိပက္ခများဖြစ်ပွားခြင်း** - တခြားသောနေရာများမှ ရပ်ရွာအသိုင်းအဝိုင်းသို့ ရောက်ရှိလာကြသူများနှင့် ဒေသခံများပဋိပက္ခဖြစ်တာ ရှိပါသလား။

ဥပမာ - အလုပ်ရရှိရန် ပြိုင်ဆိုင်ကြခြင်း။ (သို့မဟုတ်) တခြားနေရာများမှ ရောက်ရှိလာကြသူများက ရပ်ရွာအသိုင်းအဝိုင်း၏ တန်ဖိုးထားသည့်အရာများနှင့် ဓလေ့ထုံးတမ်းများကို မလေးစားခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

၁၁.၉။ **အပြင်မှရောက်ရှိလာကြသူများကြောင့် ကောင်းကျိုးသက်ရောက်မှု** - အပြင်မှ ရောက်ရှိလာကြသူများကြောင့် ကောင်းကျိုးသက်ရောက်မှုတချို့ ရှိပါသလား။ ရှိလျှင် - မည်ကဲ့သို့ ရှိသနည်း။ (ဥပမာ-အလုပ်သမားများ ဝင်ရောက်လာခြင်းကြောင့် ကျန်းမာရေးစင်တာကို တည်ထောင်ခြင်း။)

## ၁၂။ လူမှုရေး/ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများ

*ဤအပိုင်း၏ ရည်ရွယ်ချက်မှာ ရပ်ရွာအသိုင်းအဝိုင်း၏ ယဉ်ကျေးမှုလက္ခဏာ၊ လုပ်ဆောင်ချက်နှင့် ယဉ်ကျေးမှု အမွေအနှစ်များကို စီမံကိန်းကြောင့် မည်ကဲ့သို့ သက်ရောက်သနည်းဆိုသည်ကို သိရှိနားလည်နိုင်ရန် ဖြစ်သည်။*

၁၂.၁။ **စီမံကိန်းကြောင့် ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို သက်ရောက်ခြင်း** - ကုမ္ပဏီ၏ လုပ်ဆောင်ချက် [ (သို့မဟုတ်) လူအများဝင်ရောက်လာခြင်း] ကြောင့် ရပ်ရွာအသိုင်းအဝိုင်း၏ ထုံးတမ်းစဉ်လာများ၊ ဓလေ့များနှင့် တန်ဖိုးထားသည့်အရာများကို မည်သို့ သက်ရောက်မှုရှိသနည်း။

၁၂.၂။ **ယဉ်ကျေးမှုအပေါ် သက်ရောက်ခြင်းနှင့် ဆက်နွယ်၍ ရပ်ရွာအသိုင်းအဝိုင်း၏ သဘောထား** - ရပ်ရွာအသိုင်းအဝိုင်းမှ ၎င်းကိစ္စကို မည်သို့ခံစားမိကြပါသနည်း။ ဥပမာ - ရပ်ရွာ အသိုင်းအဝိုင်းသို့ လာရောက်လည်ပတ်သူများ၊ အလုပ်အကိုင်ရရှိရန် စိတ်ဝင်တစား ရောက်ရှိလာကြသော အလုပ်သမားများကြောင့် ဝင်ငွေများ တိုးကောင်းတိုးလာနိုင်သည်။ (သို့မဟုတ်) ရပ်ရွာအသိုင်းအဝိုင်းသို့ အလုပ်သမားများ ဝင်ရောက်လာမှု များပြားလာသောကြောင့် ရိုးရာဓလေ့များအတွက် လုပ်ဆောင်ရန် အချိန်(သို့မဟုတ်) နေရာ

ခက်ခဲမှုများ ရှိလာခြင်း။ (သို့မဟုတ်) ရပ်ရွာအသိုင်းအဝိုင်းမှ လူငယ်များက ယဉ်ကျေးမှုကို ထိန်းသိမ်းသည့် လုပ်ငန်းများလုပ်ရန် ခက်ခဲလာခြင်း။

၁၂.၃။ **စီမံကိန်းကြောင့် ရိုးရာအသိပညာများကို သက်ရောက်ခြင်း** - စီမံကိန်းမှ ရပ်ရွာအသိုင်းအဝိုင်း၏ ရိုးရာနည်းစနစ်အရာ စိုက်ပျိုးခြင်း၊ ရိုးရာလက်မှုပညာဖြင့်ထုတ်လုပ်ခြင်း (သို့မဟုတ်) ရိုးရာဓလေ့များ ဖန်တီးခြင်းကဲ့သို့ ရိုးရာအသိပညာများကို အသုံးပြုခြင်းအား မည်သို့သက်ရောက်ပါသနည်း။

၁၂.၄။ **ယဉ်ကျေးမှုအမွေအနှစ်နေရာများ** - သင်၏ ရပ်ရွာအသိုင်းအဝိုင်းတွင် ယဉ်ကျေးမှုအမွေအနှစ်နေရာများ ရှိပါသလား။ (ယဉ်ကျေးမှုအမွေအနှစ်ဆိုတာ ဘာလဲဆိုသည်ကို ရှင်ပြပေးပါ။ ယဉ်ကျေးမှုအမွေအနှစ်နေရာများဆိုသည်မှာ ဗိသုကာဆိုင်ရာ(architectural) ၊ ရှေးဟောင်းသုတေသနဆိုင်ရာ(archaeological)၊ ကျောက်ဖြစ်ရုပ်ကြွင်းဆိုင်ရာ(paleontological)၊ အနုပညာဆိုင်ရာ၊ သမိုင်းဆိုင်ရာနှင့် ထူးခြားသော သဘာဂေပတ်ဂန်းကျင်ဆိုင်ရာ လက္ခဏာများ၊ ယဉ်ကျေးမှုတန်ဖိုး၊ သီးခြားသမိုင်းဆိုင်ရာ လက္ခဏာများ၊ မနုဿဗေဒဆိုင်ရာ (anthropological)၊ အနုသုခုမဒဿနဆိုင်ရာ (aesthetic) (သို့မဟုတ်) သိပ္ပံဆိုင်ရာ တန်ဖိုးများပါဝင်၍ ဖြစ်တည်နေသည့် နေရာများကိုဆိုလိုသည်။) ရှိလျှင်-ကျေးဇူးပြု၍ အသေးစိတ်ရှင်းပြပေးပါ။

၁၂.၅။ **ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းခြင်း** - ရှိလျှင်-ယဉ်ကျေးမှုအမွေအနှစ် နေရာများတွင် စီမံကိန်းများ တည်ဆောက်ရန် အစီအစဉ်များရှိလျှင် ထိုနေရာများကို ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများ လုပ်ဆောင်ခြင်းနှင့် ၎င်းနေရာများကို ပျက်စီးစေခြင်းမှ ရှောင်ကြည်ခြင်းများ ရှိပါသလား။

၁၂.၆။ **ကုမ္ပဏီတွင် ရပ်ရွာအသိုင်းအဝိုင်းမှသူများကို အလုပ်ခန့်ခြင်း** - ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသူများမှ ကုမ္ပဏီတွင် (တိုက်ရိုက်(သို့မဟုတ်) တဆင့်ခံ) အလုပ်လုပ်နေလျှင တခြားသော ၎င်းကုမ္ပဏီတွင် အလုပ်မလုပ်သည့်သူများနှင့် ဆက်ဆံရေးကို မည်သို့သက်ရောက်သနည်း။

၁၂.၇။ **မူးယစ်ဆေး/အရက်သုံးစွဲမှု များပြားလာခြင်း** - စီမံကိန်းကြောင့် ရပ်ရွာအသိုင်းအဝိုင်းတွင် မူးယစ်ဆေး (သို့မဟုတ်) အရက်သုံးစွဲမှု များပြားလာပါသလား။ ရှိလျှင်-၎င်းသည် ရပ်ရွာအသိုင်းအဝိုင်းကို မည်သို့ ထိခိုက်သနည်း။

၁၂.၈။ **လောင်းကစားခြင်း** - စီမံကိန်းရောက်ရှိလာပြီးနောက် လောင်းကစားလုပ်ငန်းများ ရှိလာပါသလား။ ရှိလျှင်-၎င်းကြောင့် ရပ်ရွာအသိုင်းအဝိုင်းကို မည်သို့ သက်ရောက်ပါသနည်း။

၁၂.၉။ **လိင်ပိုင်းဆိုင်ရာ အသုံးချခြင်းနှင့် ပြည်တန်ဆာလုပ်ခြင်း** - ကုမ္ပဏီနှင့်ပတ်သက်နေသော လိင်ပိုင်းဆိုင်ရာ လုပ်ရပ်များရှိပါသလား။(ကုမ္ပဏီဝန်ထမ်းများနှင့် ဒေသခံများအကြား လိင်ပိုင်းဆိုင်ရာ အတင်းအဓမ္မစေခိုင်းခြင်းလည်း ဖြစ်နိုင်ကြောင်း ရှင်းပြပါ။ များသောအားဖြင့် အမျိုးသမီငယ်များနှင့် တစ်ခါတစ်ရံ အမျိုးသားငယ်များပါ စေခိုင်းခံရခြင်းဖြစ်နိုင်သည်။ တစ်ခါတစ်ရံတွင် ကလေးငယ်များအားလည်း လိမ်လည်လှည့်ဖြားခံရခြင်းလည်းဖြစ်နိုင်သည်)။ ရပ်ရွာအတွင် ပြည်တန်ဆာလုပ်ငန်းများ တိုးလာပါသလား။ ၎င်း အလုပ်များ အပေါ် ရပ်ရွာအသိုင်းအဝိုင်းမှ မည်သို့ ခံစားမိကြပါသနည်း။

၁၂.၁၀။ တားဆီးကာကွယ်မှုတွင် အရပ်ဘက်အဖွဲ့အစည်း/နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ-လူမှုရေး (သို့မဟုတ်) ယဉ်ကျေးမှုအပေါ် သက်ရောက်မှုများအတွက် အရပ်ဘက်အဖွဲ့အစည်းများ/နိုင်ငံရေးပါတီများမှ သင်၏ ရပ်ရွာအသိုင်းအဝိုင်းတွင် မည်သည့်အခန်းကဏ္ဍတွင် ပါဝင်လုပ်ဆောင်နေကြသနည်း။

## ၁၃။ ကျား/မ

**(မှတ်ချက်။ ဤအပိုဒ်သည် မိန်းကလေးများနှင့် အမျိုးသမီးများကို အင်တာဗျူးရန်ဖြစ်သည်။)**

ဤစာပိုဒ်၏ ရည်ရွယ်ချက်မှာ ကုမ္ပဏီနှင့်/သို့မဟုတ် အလုပ်သမားများ ဝင်ရောက်လာခြင်းကြောင့် ရပ်ရွာအသိုင်းအဝိုင်းရှိ မိန်းကလေးများနှင့် အမျိုးသမီးများ၏ နေထိုင်မှုဘဝကို မည်သို့ သက်ရောက်သနည်း ဆိုသည်ကို နားလည်သိရှိနိုင် ဖြစ်သည်။

၁၃.၁။ **အမျိုးသမီးများ၏ နေ့စဉ်လုပ်ငန်းဆောင်တာ** - ရပ်ရွာအသိုင်းအဝိုင်းတွင် အမျိုးသမီးများ(မိခင်များ၊ အိမ်ထောင်ရှင်မများ၊ သမီးများ) ၏ နေ့စဉ် လုပ်ငန်းဆောင်တာတွေက ဘာတွေလဲ။

၁၃.၂။ **အမျိုးသမီးများ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်း** - ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသည့် အမျိုးသမီးများ၏ အဓိက အသက်မွေးဝမ်းကျောင်းက ဘာဖြစ်ပါလဲ။

၁၃.၃။ **မိန်းကလေးများ ကျောင်းတက်ရောက် သင်ကြားမှု** - မိန်းကလေးများ ကျောင်းတက်ရောက် သင်ကြားပါသလား။ ရှိလျှင်-မည်သည့် အတန်း/အသက် ရှိပါသနည်း။

၁၃.၄။ **စီမံကိန်းကြောင့် မိန်းကလေးများ ကျောင်းတက်ရောက်မှု ပြောင်းလဲခြင်း** – စီမံကိန်းရောက်ရှိလာပြီးကတည်းက မိန်းကလေးများ ကျောင်းတက်ရောက်မှုနှုန်းကို မည်သို့သက်ရောက်မှု (ဥပမာ-နည်း၊ ပုံမှန်၊ များ) ရှိသနည်း။ ပြောင်းလဲမှုများ ရှိပါသလား။ ဘာကြောင့်နည်း။

၁၃.၅။ **စီမံကိန်းကြောင့် အမျိုးသမီးများ၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို သက်ရောက်ခြင်း** – စီမံကိန်းရောက်ရှိလာပြီးကတည်းက ရပ်ရွာအသိုင်းအဝိုင်းရှိ အမျိုးသမီးနှင့် မိန်းကလေးများ၏ နေ့စဉ်လုပ်ငန်းဆောင်တာများနှင့် အသက်မွေးဝမ်းကျောင်းများ ပြောင်းလဲသွားတာ (ဥပမာ-စီမံကိန်းကြောင့် ရေရရှိမှုနည်းလာခြင်း၊ အမျိုးသမီးနှင့် မိန်းကလေးများရရှိရန် ဝေးလန်သောနေရာများသို့ သွားရခြင်း) ရှိပါသလား။

၁၃.၆။ **စီမံကိန်းကြောင့် လုံခြုံရေးအပေါ် ခံစားမှု** – စီမံကိန်းကြောင့် ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသည့် အမျိုးသမီးများ၏ ပုဂ္ဂိုလ်ရေးလုံခြုံမှုကို မည်သို့ သက်ရောက်ပါသနည်း (ဥပမာ - လုံခြုံသည်၊ လုံခြုံမှု အားနည်းသည် (သို့မဟုတ်) ယခင် လုံခြုံရေးအတိုင်းသာရှိသည်) ဟု ခံစားကြပါသနည်း။

၁၃.၇။ **အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်း/လိင် ခွဲခြားဆက်ဆံမှု** - ကုမ္ပဏီ (သို့မဟုတ်) ကုမ္ပဏီနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် ရပ်ရွာအသိုင်းအဝိုင်းမှ အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်း ရရှိပါသလား။ အမျိုးသမီးများမှ အမျိုးသားများနှင့် မတူညီသည့်အလုပ်များအတွက် ကမ်းလှမ်းခံရပါသလား။

၁၃.၈။ **အမျိုးသမီးများအတွက် သင်တန်း** - အမျိုးသမီးများအတွက် စီမံကိန်းနှင့် ဆက်စပ်သော အသက်မွေးဝမ်းကျောင်း(သို့မဟုတ်) စွမ်းရည်မြှင့် သင်တန်းများ ရှိပါသလား။

၁၃.၉။ **စီမံကိန်းမှ အမျိုးသားများ၏ လိင်ပိုင်းဆိုင်ရာ နှောက်ယှက်မှု** - စီမံကိန်းတွင် အလုပ်လုပ်နေကြသော အမျိုးသားများမှ ရပ်ရွာအသိုင်းအဝိုင်းမှ အမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခြင်းနှင့်/သို့မဟုတ် အကြမ်းဖက်သည့် ဖြစ်ရပ်များရှိပါသလား။

၁၃.၁၀။ **စီမံကိန်းကြောင့် ရပ်ရွာအသိုင်းအဝိုင်းတွင် အမျိုးသမီးများ တိုးလာခြင်း** - စီမံကိန်းကြောင့် ရပ်ရွာအသိုင်းအဝိုင်းတွင် အမျိုးသမီး/မိန်းကလေး အရေအတွက် တိုးလာပါသလား။ ရှိလျှင်- ၎င်းတို့မှ မည်သည့် အလုပ်အမျိုးအစားမျိုးတွင် လုပ်ကိုင်နေကြပါသနည်း။

၁၃.၁၁။ **ရပ်ရွာအသိုင်းအဝိုင်းမှ လူကုန်ကူးမှုနှင့် ဆက်စပ်သည့် စိုးရိမ်မှုများ** - ကုမ္ပဏီ၏ စီမံကိန်းကြောင့် ရပ်ရွာအသိုင်းအဝိုင်းမှ လူကုန်ကူးမှု (မိန်းကလေး/အမျိုးသမီးများ ပါဝင်သည်) နှင့်ဆက်စပ်သော စိုးရိမ်ချက်များ ရှိပါသလား။

၁၃.၁၂။ **ကုမ္ပဏီတွင်ပါဝင်ခြင်းကြောင့် အမျိုးသမီးများအား ပထားခြင်း** - အမျိုးသမီးများ ကုမ္ပဏီတွင် ပါဝင်ပတ်သက်နေခြင်းကြောင့် ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသူများမှ ၎င်းတို့အား အသိအမှတ်မပြုတာများ၊ ပထားတာများ ရှိပါသလား။ (အမျိုးသမီးများမှာ ယဉ်ကျေးမှုအရ လက်မခံနိုင်သော လိင်လုပ်ငန်းမျိုးတွင် ပါဝင်နေခြင်းကြောင့် ၎င်းတို့ကို ရပ်ရွာအသိုင်းအဝိုင်းမှ လက်မခံလျှင် ဤမေးခွန်းအား မေးမြန်းရန် ဖြစ်သည်။)

## ၁၄။ ကလေးအခွင့်အရေး

*ဤစာပိုဒ်၏ရည်ရွယ်ချက်မှ ကုမ္ပဏီကြောင့် ကလေးများ၏နေထိုင်မှုကို မည်ကဲ့သို့ သက်ရောက်သနည်း ဆိုသည်ကို သတ်မှတ်ရန်ဖြစ်သည်။ မေးခွန်းများအား မိဘများနှင့် ဆရာ၊ ဆရာမများကို မေးမြန်းရန် ဖြစ်သည်။*

၁၄.၁။ **မိဘများကို မေးရန် ။ ။ စီမံကိန်းကြောင့် ကလေးများ၏ အမူအကျင့်များပြောင်းလဲခြင်း** - ကလေးများ၏ နေထိုင်မှုဘဝကို ကုမ္ပဏီ၏ လုပ်ငန်းများကြောင့် မည်သို့ ပြောင်းလဲသွားခဲ့ပါသနည်း။

၁၄.၂။ **ရပ်ရွာအသိုင်းအဝိုင်း၏ ထင်မြင်ချက်** – ပြောင်းလဲသွားတာများရှိလျှင်- ၎င်းပြောင်းလဲမှုအတွက် ရပ်ရွာအသိုင်းအဝိုင်းမှ မည်ကဲ့သို့ ခံစားမှုများ ရှိပါသနည်း။

၁၄.၃။ **မူလတန်းကျောင်း တက်ရောက်နေသူများ** – မူလတန်းကျောင်းတွင် ရပ်ရွာအသိုင်းအဝိုင်းမှ ကလေးရာခိုင်နှုန်းမည်မျှတက်ရောက်နေပါသနည်း။ ပျမ်းမျှမည်သည့်အတန်း/အသက်ထိသင်ကြားကြပါသနည်း။

၁၄.၄။ **အလယ်တန်းကျောင်း တက်ရောက်နေသူများ** - အလယ်တန်းကျောင်းတွင် ရပ်ရွာအသိုင်းအဝိုင်းမှကလေးရာခိုင်နှုန်း မည်မျှတက်ရောက်နေပါသနည်း။ ပျမ်းမျှ မည်သည့် အတန်း/အသက်အထိ သင်ကြားကြပါသနည်း။

၁၄.၅။ **လွန်ခဲ့သည့်နှစ်က ကျောင်းထွက်သွားသည့် ရာခိုင်နှုန်း** - လွန်ခဲ့သည့် (၁၂)လအတွင်းက ကျောင်းထွက်သွားသည့် ကလေးများ/လူငယ်များ ရှိပါသလား။

၁၄.၆။ **ကျောင်းထွက်ရသည့် အကြောင်းရင်း** - ကျောင်းထွက်မှုများ ရှိလျှင် - မည်သည့်အတွက်ကြောင့် ၎င်းတို့ ကျောင်းထွက်ကြပါသနည်း။

၁၄.၇။ **တိုက်ရိုက်/တဆင့်ခံ ကလေးအလုပ်သမား** - သင်၏ ရပ်ရွာအသိုင်းအဝိုင်းတွင် ကလေးများကို ကုမ္ပဏီမှ တိုက်ရိုက်အလုပ်ခန့်ခြင်း (သို့မဟုတ်) ၎င်းတို့၏မိဘများကိုကူညီရန် တဆင့်ခံအလုပ်ခန့်ခြင်းများ ရှိပါသလား။ (သို့မဟုတ်) ကုမ္ပဏီ/ကုမ္ပဏီကို ဝန်ဆောင်မှုပေးသူများမှ တခြားသောသူများကို အလုပ်ခန့်ခြင်းများ ရှိပါသလား။ ရှိလျှင်-၎င်းသည် မိဘများ၏ ရွေးချယ်မှုလား။ (သို့မဟုတ်) ကလေးကိုယ်တိုင်က အလုပ်လုပ်ချင်တာလား။

၁၄.၈။ **ရပ်ရွာအသိုင်းအဝိုင်း၏ ထင်မြင်ချက်** - ရပ်ရွာအသိုင်းအဝိုင်းမှ ကုမ္ပဏီ၏ လုပ်ဆောင်ချက်များကို မည်သို့ ခံစားမှု ရှိပါသနည်း။

၁၄.၉။ **စီမံကိန်း/မတော်တဆမှုပြီးနောက် ကလေးများ၏ လုံခြုံရေး** – ကုမ္ပဏီ၏လုပ်ငန်းကြောင့် ရပ်ရွာအသိုင်းအဝိုင်းရှိ ကလေးများ၏လုံခြုံရေးနှင့် ဆက်စပ်သည့် စိုးရိမ်ချက်များ ရှိပါသလား။ ကုမ္ပဏီလုပ်ငန်းများနှင့် ဆက်စပ်သည့်ကလေးများ၏ မတော်တဆမှု (သို့မဟုတ်) အနာတရ ထိခိုက်မှုများ ရှိပါသလား။

၁၄.၁၀။ **ကလေးများ၏ ကျန်းမာရေးကို သက်ရောက်မှု** – ကုမ္ပဏီ၏လုပ်ငန်းများကြောင့် ကလေးများ၏ ကျန်းမာရေးကို မည်ကဲ့သို့သက်ရောက်ပါသနည်း။ (ဥပမာ-ကလေးများ ဖျားနာခြင်း နည်း/များ/ပုံမှန်)။ ၎င်းကိစ္စသည် ကုမ္ပဏီ၏လုပ်ငန်းများနှင့် ဆက်စပ်သည်ဟု ရပ်ရွာအသိုင်းအဝိုင်းမှ ထင်မြင်ကြပါသလား။ မည်သည့်အတွက်ကြောင့် ထင်သနည်း။

၁၄.၁၁။ **ကလေးများ အစားအစာ/ရေ ရရှိမှုကို သက်ရောက်ခြင်း** – ကလေးများ အစားအစာနှင့် ရေရရှိမှုကို ကုမ္ပဏီကြောင့် မည်ကဲ့သို့ သက်ရောက်မှုများ ရှိပါသနည်း။

၁၄.၁၂။ **လူငယ်များအတွက် သင်တန်း** - လူငယ်များအတွက် ကုမ္ပဏီနှင့်ဆက်စပ်သည့် အလုပ်များတွင် အလုပ်ရရှိရန် အသက်မွေးဝမ်းကျောင်းသင်တန်း(သို့မဟုတ်) စွမ်းရည်မြှင့်သင်တန်းများ ရှိပါသလား။

၁၄.၁၃။ **ကလေးများ အနားယူလှုပ်ရှားဆောင်ရွက်ရန် စီမံကိန်းအတွက် ကမကထပြု ထောက်ပံ့ပေးခြင်း** –ရပ်ရွာအသိုင်းအဝိုင်းမှ ကလေးများ အနားယူလှုပ်ရှားဆောင်ရွက်ရန် ကုမ္ပဏီမှစည်းရုံးခြင်း (သို့မဟုတ်)ငွေကြေးထောက်ပံ့၍ ကမကထပြုခြင်းများ ဆောင်ရွက်ပါသလား။

၁၄.၁၄။ **ရပ်ရွာအသိုင်းအဝိုင်းအား အပန်းဖြေရန်နေရာ ထောက်ပံ့ခြင်း** - ရပ်ရွာအသိုင်းအဝိုင်းမှ ကလေးများ အပန်းဖြေရန်အတွက် နေရာထောက်ပံ့ပေးထားပါသလား။ (ဥပမာ-ကစားကွင်း၊ အားကစားလုပ်ရန် နေရာ စသဖြင့်)။ မရှိလျှင် - မည်သူတို့မှ ကလေးများအတွက် ထောက်ပံ့ပေးထားပါသလဲ။ (ဥပမာ-အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGOs)များ၊ ပုဂ္ဂလိက ကုမ္ပဏီများ)။

၁၄.၁၅။ **ကုမ္ပဏီအလုပ်သမားများမှ ကလေးအခွင့်အရေး ချိုးဖောက်ခြင်း** - အလုပ်သမားများမှ ရပ်ရွာအသိုင်းအဝိုင်းမှ ကလေးများကို မတရားဆက်ဆံခြင်း (သို့မဟုတ်) မတော်မတရားပြုသည့် အဖြစ်အပျက်များ ရှိပါသလား။ (ဥပမာ-ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ စသဖြင့်)။

**နောက်ဆက်တွဲ မေးခွန်းများ-**

- ရှိလျှင် - ၎င်းကိစ္စကို ကုမ္ပဏီသို့တင်ပြတာများ ရှိခဲ့ပါသလား။ ၎င်းအခြေအနေကို မည်သည့် ရဲဝန်ထမ်းများမှ မည်ကဲ့သို့ ကိုင်တွယ်ခဲ့ပါသနည်း။ ရပ်ရွာအသိုင်းအဝိုင်းမှ ထိုကိုင်တွယ်ဖြေရှင်းမှုကို ကျေနပ်ကြပါသလား။ မရှိလျှင် - ရပ်ရွာအသိုင်းအဝိုင်းမှ အခြေအနေကို မည်ကဲ့သို့ ကိုင်တွယ်သင့်သည်ဆိုသည်ကို စဉ်းစားမိပါသလား။

## ၁၅။ အလုပ်အကိုင်

*ဤစာပိုဒ်သည် ကုမ္ပဏီမှအလုပ်ခန့်ထားသည့် ရပ်ရွာအသိုင်းအဝိုင်းမှ သူများ၏ အလုပ်အခြေအနေနှင့် ဆက်စပ်သည့် သတင်းအချက်အလက်များကို ရရှိရန် ဆောင်ရွက်ထားခြင်းဖြစ်သည်။ ထို့အပြင် ရပ်ရွာအသိုင်းအဝိုင်းမှ အလုပ်လုပ်ကိုင်မှုအခြေအနေ (သို့မဟုတ်) အလုပ်ဆုံးရှုံးမှုအခြေအနေနှင့် ဆိုင်သည့်သတင်းအချက်အလက်များကို ရရှိရန်အတွက်လည်း ဖြစ်ပါသည်။*

၁၅.၁။ **ဤကဏ္ဍတွင် အလုပ်လုပ်နေကြသော ရပ်ရွာအသိုင်းအဝိုင်းမှ သူများ** - ရပ်ရွာအသိုင်းအဝိုင်းမှသူများကို ကုမ္ပဏီမှ အလုပ်ခန့်ထားပါသလား။ ၎င်းတို့ကို စီမံကိန်းတွင် ခန့်မှန်းခြေအလုပ်ခန့်သည့် ရာခိုင်နှုန်း ဘယ်လောက်ရှိသနည်း။

၁၅.၂။ **အလုပ်အမျိုးအစား** – အလုပ်ခန့်ထားခြင်းရှိလျှင် - မည်သည့်အလုပ် အမျိုးအစားများတွင် ၎င်းတို့ကို အလုပ်ခန့်ထားပါသနည်း။ မရှိလျှင်-ဘာကြောင့် ဒေသခံများကို အလုပ်မခန့်ဟု သင်ထင်ပါသနည်း။

၁၅.၃။ **အလုပ်ခန့်ရာတွင် ခွဲခြားဆက်ဆံခြင်း** – အလုပ်ခန့်သည့်အခါ သင်၏ လူမျိုး(သို့မဟုတ်) ဘာသာကို မေးမြန်းပါသလား။ (အလုပ်ခန့်ရာတွင် ခွဲခြားဆက်ဆံမှု ရှိပါသလား။)

၁၅.၄။ **မျှတသည့် လုပ်အားခ** - ရပ်ရွာအသိုင်းအဝိုင်းမှ စီမံကိန်းတွင် အလုပ်လုပ်နေသူများ မျှတသည့် လုပ်အားခကို ရရှိသည်ဟု ခံစားမိပါသလား။ တခြားသော လုပ်ငန်းတူသည့် အလုပ်သမားများထက် လုပ်အားခ နည်းနည်း (သို့မဟုတ်) များများ ရရှိပါသလား။

၁၅.၅။ **လုံလောက်သော လုပ်အားခ** - လစာငွေ ပမာဏသည် အလုပ်သမားများနှင့် ၎င်းတို့ကို မှီခိုနေကြသူများ၏ နေထိုင်စားသောက်ခ [ဆိုလိုသည်မှာ လုပ်အားခသည် အခြေခံလိုအပ်ချက် (အစားအစာ၊ နေအိမ်၊ ပညာရေး) ကုန်ကျစရိတ်များအတွက် လုံလောက် ခြင်း] နှင့် ကိုက်ညီမှု ရှိပါသလား။ နေထိုင်စားသောက်မှု စရိတ်မြင့်လာခြင်းကြောင့် လုပ်အားခတိုးလာတာ ရှိပါသလား။

၁၅.၆။ **စီမံကိန်းကြောင့် အလုပ်အကိုင် တိုးလာခြင်း** – စီမံကိန်းကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးလာပါသလား။ တိုးလာလျှင်-မည်သည့် အလုပ်အမျိုးအစားမျိုး ဖြစ်ပါသနည်း။

၁၅.၇။ **အလုပ်သမားများ** - သင်၏ ရပ်ရွာအသိုင်းအဝိုင်းသို့ စီမံကိန်းတွင် လအနည်းငယ် အလုပ်လုပ်ရန် ရောက်ရှိလာကြသည့် ရာသီအလိုက် အလုပ်သမားများ ရှိပါသလား။

၁၅.၈။ **နိုင်ငံခြားသား အလုပ်သမားရာခိုင်နှုန်း** - ကုမ္ပဏီနှင့်ဆက်စပ်သည့် အလုပ်များတွင် နိုင်ငံခြားသား အလုပ်သမားများကို အလုပ်ခန့်တာများ ရှိပါသလား။ ရှိလျှင်-ခန့်မှန်းခြေ ရာခိုင်နှုန်းမည်မျှမှာ နိုင်ငံခြား အလုပ်သမားများ ဖြစ်ကြသနည်း။

၁၅.၉။ **ကုမ္ပဏီတွင် အလုပ်လုပ်ရန် လက်ရှိအလုပ်ကို ချန်ရစ်ခြင်း** – ရပ်ရွာအသိုင်းအဝိုင်းမှ စီမံကိန်းတွင် အလုပ်လုပ်ရန် ၎င်းတို့၏ လက်ရှိအလုပ်ကို ချန်ရစ်၍ ဝင်ရောက်လုပ်ကိုင်တာများ ရှိပါသလား။ ရှိလျှင်- အကြောင်း ပြချက်က ဘာလဲ။

၁၅.၁၀။ **အဓမ္မခိုင်းစေမှု** -စီမံကိန်းအတွက် ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသူများကို ဆန္ဒမပါဘဲ၊ လုပ်အားခ မပေးဘဲ အလုပ်ရှင်မှ အတင်းခိုင်းစေတာများ ရှိပါသလား။ ၎င်းအလုပ်ရှင်မှ နိုင်ငံသားစိစစ်ရေးကတ်များကို သိမ်းဆည်းထားတာ ရှိပါသလား။

၁၅.၁၁။ **ကုမ္ပဏီ၏အလုပ်နှင့်ဆက်စပ်သော မတော်တဆမှုများ** - စီမံကိန်းတွင် အလုပ်လုပ်နေသော ရပ်ရွာအသိုင်း အဝိုင်းမှ သူများ၏အလုပ်နှင့်ဆက်စပ်သော မတော်တဆမှုများကြောင့် ထိခိုက်အနာတရ ဖြစ်ခြင်းများ ရှိပါသလား။ မည်သည့် မတော်တဆမှု/ထိခိုက်အနာတရဖြစ်မှုများ ရှိပါသနည်း။ လျော်ကြေးနှင့်/သို့မ ဟုတ် ကျန်းမာရေး စောင့်ရှောက်မှုများ ပေးပါသလား။

၁၅.၁၂။ **ကုမ္ပဏီအလုပ်သမားများအတွက် သင်တန်း** - ကုမ္ပဏီတွင် အလုပ်ရရှိရန် သင်၏ ရပ်ရွာအသိုင်းအဝိုင်းတွင် သင်တန်း(အသက်မွေးဝမ်းကျောင်း)များ ရှိပါသလား။

**၁၅.၁၃။ ထိခိုက်လွယ်သော အုပ်စုများအတွက် သင်တန်း** - ရှိလျှင်- ထိခိုက်လွယ်သောအုပ်စုများ (ဥပမာ-အမျိုးသမီးများ(သို့မဟုတ်) မသန်စွမ်းသူများ) အတွက် သင်တန်းများ သေသေချာချာ ရှိပါသလား။

| |
|---|
| **မှတ်ချက်** - အခြေအနေအမျိုးမျိုးကြောင့် သုတေသီများမှ အလုပ်သမားများနှင့် (သို့မဟုတ်) ကုမ္ပဏီနှင့် ဆက်စပ်သော စီးပွားရေးလုပ်ငန်းများနှင့် တိုက်ရိုက်စကားပြောခွင့် မရရှိခဲ့လျှင် - အောက်ဖော်ပြပါ မေးခွန်းများကို ရပ်ရွာတွင် မေးမြန်းရန်စဉ်းစားပါ။ ထို့ကြောင့် အလုပ်ခွင် အခြေအနေနှင့်ဆိုင်သည့် တချို့သော တဆင့်ခံ သတင်းအချက်အလက်များကို ရရှိနိုင်ပါသည်။ |

**၁၅.၁၄။ အလုပ်လုပ်ချိန်** - သင်၏ ကဏ္ဍတွင် အလုပ်ခန့်ထားခြင်းခံထားရလျှင်- တစ်ရက်တွင် နာရီချိန်မည်မျှ အလုပ် လုပ်ရပါသနည်း။

**၁၅.၁၅။ အနားယူချိန်** - တစ်ရက်တွင် အနားယူချိန်/အားလပ်ချိန် မည်မျှ ရရှိပါသနည်း။

**၁၅.၁၆။ အလုပ်လုပ်သည့် ရက်/တစ်ပတ်** - တစ်ပတ်တွင် သင် ဘယ်နှစ်ရက် အလုပ် လုပ်ရပါသနည်း။

**၁၅.၁၇။ ပိတ်ရက်/သတင်းပတ်** - တစ်ပတ်တွင် ပိတ်ရက် ဘယ်နှစ်ရက် သင်ရရှိပါသနည်း။

**၁၅.၁၈။ ခွင့်** - လုပ်အားခပေး/မပေး - သင် ခွင့်ရက်များ ရရှိပါသလား။ ရရှိလျှင်-ခွင့်ဘယ်လောက် ရရှိပါသလဲ။ ၎င်းအတွက် လခ ရရှိပါသလား။

**၁၅.၁၉။ အလုပ်ခန့် စာချုပ်အမျိုးအစား** - သင်တို့တွင် အလုပ်စာချုပ် (လစာ၊ အလုပ်လုပ်ချိန်၊ အားလပ်ရက်၊ အကျိုးခံစားခွင့် စသည်တို့ကို ရေးထားသည့် နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်) များ ရှိပါသလား။ ရှိလျှင်- ၎င်းစာချုပ်မှာ နှစ်ချုပ်လား။(သို့မဟုတ်) အချိန်ပိုင်း စာချုပ်လား။ အချိန်ပိုင်းစာချုပ်ဆိုလျှင်- သင်က နေ့စား လုပ်သားလား။

**၁၅.၂၀။ အန္တရာယ်ရှိသည့်အလုပ်** - အန္တရာယ်ရှိသည့်အလုပ်တွင် သင်အလုပ်လုပ်နေရပါသလား။

**၁၅.၂၁။ ကျန်းမာရေး အာမခံ** - အလုပ်ရှင်မှ သင်တို့၏ မတော်တဆ (သို့မဟုတ်) ဖျားနာခြင်းများအတွက် ကျန်းမာရေးအာမခံ လုပ်ပေးထားတာ ရှိပါသလား။

## ၁၆။ လုံခြုံရေး အစီအမံ

*ကုမ္ပဏီအများစုသည် ၎င်းတို့၏ လုပ်သားများ၊ ဧည့်သည်များနှင့် အဆောက်အအုံကိုကာကွယ်ရန် လုံခြုံရေး ဝန်ထမ်းများကို အသုံးပြုတတ်ကြသည်။ အောက်တွင်ဖော်ပြထားသော မေးခွန်းများသည် ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသူများ၏ လုံခြုံရေးအစီအမံများနှင့်ဆိုင်သည့် အသိပညာများ၊ အတွေ့အကြုံများကို လေ့လာရန် ဖြစ်သည်။*

**၁၆.၁။ လုံခြုံရေး အစီအမံ၏ သဘောသဘာဝ** - ကုမ္ပဏီတွင် မည်ကဲ့သို့ လုံခြုံရေး အစီအမံများ ရှိပါသနည်း။

**၁၆.၂။ လုံခြုံရေး အစီအမံများအတွက် ရပ်ရွာအသိုင်းအဝိုင်းနှင့် ဆွေးနွေးညှိနှိုင်းခြင်း** – ကုမ္ပဏီမှ ၎င်းတို့၏ လုံခြုံရေးအစီအမံများအတွက် ရပ်ရွာအသိုင်းအဝိုင်းနှင့် မည်ကဲ့သို့ ဆွေးနွေးညှိနှိုင်းမှုများ ရှိပါသနည်း။

**နောက်ဆက်တွဲ မေးခွန်းများ-**

- ဆွေးနွေးညှိနှိုင်းမှုများကို မကြာခဏ လုပ်ပါသလား။ ၎င်းဆွေးနွေးညှိနှိုင်းမှု၏ အသေးစိတ်က ဘာလဲ။ လုံခြုံရေးအစီအမံများအတွက် ရပ်ရွာအသိုင်းအဝိုင်းမှ စိုးရိမ်မှုများရှိလျှင် ကုမ္ပဏီမှလာရောက်၍ မေးမြန်းတာများ ရှိပါသလား။ ဆွေးနွေးညှိနှိုင်းမှုတွင် ထိခိုက်လွယ်သူများ (အမျိုးသမီးများ၊ အသက်အရွယ်ကြီးသူများ၊ လူငယ်များ၊ လူနည်းစုများ စသဖြင့်)အား သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားခြင်းများ ရှိပါသလား။

၁၆.၃။ **လုံခြုံရေးဆိုင်ရာ အလုပ်များအတွက် ကုမ္ပဏီမှအလုပ်ခန့်ခြင်း** - ကုမ္ပဏီမှ ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသူများကို အစောင့်၊ ယာဉ်မောင်းစသဖြင့် အလုပ်များခန့်ပါလား။

၁၆.၄။ **လုံခြုံရေးအစီအမံများအတွက်ရပ်ရွာအသိုင်းအဝိုင်းမှတုန့်ပြန်မှု**–ကုမ္ပဏီ၏လုံခြုံရေးအစီအမံများအတွက် ရပ်ရွာအသိုင်းအဝိုင်းမှ မည်ကဲ့သို့ ဆက်သွယ်မှု/တုန့်ပြန်မှုများ ရှိပါသနည်း။

**နောက်ဆက်တွဲ မေးခွန်းများ-**

- အပြုသဘောဆောင်လျှင်- မည်သို့နည်း။ အပျက်သဘောဆောင်လျှင် မည်သို့နည်း။

၁၆.၅။ **လုံခြုံရေးဝန်ထမ်းများ၏ ခြိမ်းခြောက်မှု** - ကုမ္ပဏီ၏ လုံခြုံရေးဝန်ထမ်းများမှ ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသူများကို ခြိမ်းခြောက်မှု [ရုပ်ပိုင်းဆိုင်ရာ (သို့မဟုတ်) စကားဖြင့် ခြိမ်းခြောက်ခြင်း] များ ရှိပါသလား။ မည်ကဲ့သို့ ရှိပါသနည်း။

၁၆.၆။ **လုံခြုံရေးအစောင့်များ၏ သဘောထား** – လုံခြုံရေးအစောင့်များ၏ လုပ်ဆောင်ချက်များကြောင့် ရပ်ရွာအသိုင်းအဝိုင်းမှ (အထူးသဖြင့် အမျိုးသမီးများ၏ ပုဂ္ဂိုလ်ရေးလုံခြုံမှု) ၎င်းအပေါ် မည်သို့ ခံစားမိကြပါသနည်း။ (ဥပမာ-လုံခြုံသည်/လုံခြုံမှုအားနည်းသည် (သို့မဟုတ်) ယခင် လုံခြုံရေးအတိုင်းသာရှိသည် စသဖြင့်)

၁၆.၇။ **အရေးပေါ်/မတော်တဆမှုနှင့် လျော်ကြေးပေးခြင်း** - စီမံကိန်းနှင့် ဆက်စပ်၍ ရပ်ရွာအသိုင်းအဝိုင်းကို သက်ရောက်သော အရေးပေါ်အခြေအနေ (သို့မဟုတ်) မတော်တဆ ထိခိုက်မှုများ ရှိခဲ့ပါသလား။ ရှိခဲ့လျှင်-၎င်းအတွက် (ဥပမာ- မသန်စွမ်းများအတွက် ဆေးကုသမှု) လျော်ကြေးများ ပေးပါသလား။

၁၆.၈။ **ရပ်ရွာသို့ ကုမ္ပဏီမှသတိပေးချက်** – အရေးပေါ်အခြေအနေ (သို့မဟုတ်) မတော်တဆမှုများကို ကာကွယ်ရန် ကုမ္ပဏီမှ ရပ်ရွာအသိုင်းအဝိုင်းကို အသိပေး အကြောင်းကြားခဲ့တာများ ရှိပါသား။

၁၆.၉။ **ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသူများအား ရဲလက်ထဲသို့ လွှဲပြောင်းပေးခြင်း** - ကုမ္ပဏီ၏လုံခြုံရေးဝန်ထမ်းများက ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်သူတစ်ယောက်ယောက်အား ရဲလက်ထဲသို့ လွှဲပြောင်းပေးခဲ့ခြင်းများ ရှိပါသလား။

၁၆.၁၀။ **ရဲ/ကုမ္ပဏီမှ ကိုင်တွယ်နည်း** - ရှိလျှင်- ၎င်းကိစ္စများကို ရဲများမှ မည်ကဲ့သို့ ကိုင်တွယ်ပါသနည်း။ ကုမ္ပဏီနှင့် ရဲပေါင်းပြီး ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသူများကို အရေးယူဆောင်ရွက်ရန် နောက်ဆက်တွဲ ရှာဖွေမှုများ ရှိပါသလား။

၁၆.၁၁။ **စီမံကိန်းအား ကန့်ကွယ်ဆန္ဒပြခြင်းကို ကိုင်တွယ်နည်း-** စီမံကိန်းကို ကန့်ကွက်ဆန္ဒပြတာများ ရှိပါသလား။ ရှိလျှင်- ၎င်းအခြေအနေကို ကုမ္ပဏီမှ လုံခြုံရေးဝန်ထမ်းများ မည်သို့ ကိုင်တွယ်ဆောင်ရွက်ခဲ့ပါသနည်း။

**နောက်ဆက်တွဲမေးခွန်းများ-**

- အကြမ်းဖက်မှုများ ရှိပါသလား။ ထိခိုက် နာကျင်မှုများ ရှိပါသလား။ ရဲများ ရောက်ရှိလာတာ ရှိပါသလား။ လူအများ အဖမ်းခံရတာ ရှိပါသလား။ ဖမ်းဆီးခံရပြီးနောက် ၎င်းတို့ မည်သို့ ဖြစ်ပျက်ခဲ့သနည်း။ ၎င်းတို့ ပြန်လွတ်လာပါသလား။ (သို့မဟုတ်) ဆက်လက်ထိန်းသိမ်းခံရပါလား။ ၎င်းတို့ တရားစွဲခံရပါသလား။ ရှိလျှင်-၎င်းတို့ကို ထောင်ချတာ/ဒဏ်ငွေရိုက်တာများ ရှိပါသလား။ ၎င်းတို့ကို ကာကွယ်ရန် ရှေ့နေရှိပါသလား။ ကုမ္ပဏီမှ မည်သို့ ဆောင်ရွက်ပါသနည်း။ ကန့်ကွက်ဆန္ဒပြခြင်းကြောင့် ရပ်ရွာအသိုင်းအဝိုင်းမှ တခြားသောသူများကို အပြစ်ပေးတာ (သို့မဟုတ်) နှောက်ယှက်တာများ ရှိပါသလား။

## ၁၇။ လုံခြုံရေး

*ဒေသတွင်း ဖြစ်ပေါ်လာနိုင်သောပဋိပက္ခ အခြေအနေများကို မမေးမြန်းမီ ၎င်းမေးခွန်းများသည် ရပ်ရွာအသိုင်းအဝိုင်းမှ မတူညီသည့်အုပ်စုများကြား ရန်ဖြစ်ရန်နှိုးဆော်သည့် မေးခွန်းပုံစံမျိုး ဖြစ်၊ မဖြစ် စဉ်းစားပါ။ ဖြစ်နိုင်ပါက တစ်ဦးတစ်ယောက်ချင်း မေးမြန်းသောအခါမျိုး၌သာ အသုံးပြုသင့်သည် (သို့မဟုတ်) ကျွမ်းကျင်ပညာရှင်များနှင့် တိုင်ပင်သင့်သည်။ ရပ်ရွာအား မေးမြန်းသောအဆင့်တွင် စီမံကိန်းကြောင့် မည်သူမှ အကျိုးအမြတ်ပိုရရှိသနည်းဆိုသည့် ယေဘုယျဆန်သော မေးခွန်းမျိုးကို ပဋိပက္ခအခြေအနေများကို စတင်မေးမြန်းသည့် မေးခွန်းထက်မေးလျှင် အကောင်းဆုံးဖြစ်မည်။*

**၁၇.၁။ လက်နက်ကိုင် ပဋိပက္ခ** - သင်တို့၏ နယ်မြေများတွင် လက်နက်ကိုင် ပဋိပက္ခများ ရှိပါသလား။ ရှိလျှင်- ရပ်ရွာအသိုင်းအဝိုင်းမှ သူများ ပြောင်းရွှေ့ခံရတာ ရှိပါသလား။

×××××